# ကြေးမုံ

The Mirror Daily

Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday 7 October 2019 ၆၇၉၅


## ကြေးမုံ ယနေ့ဖတ်စရာ


ပူတာအိုခရိုင် ပြည်သူ့ဆေးရုံတွင် ဘယ်လ်ဂျီယံနိုင်ငံမှ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိ

စာမျက်နှာ - ၄

အရုပ်မျက်နှာ၊ ပန်းမျက်နှာ

စာမျက်နှာ - ၆

ပွင့်ဖြူမြို့နယ်၌ အာရှဖွံ့ဖြိုးရေးဘဏ် အစီအစဉ်ဖြင့် ရေတွင်းပေါင်း ၁၂၀၀ တူးဖော်ပေးသွားမည်

စာမျက်နှာ - ၇

ရန်ကုန်တက္ကသိုလ်၏ အထင်ကရနေရာများ



စာမျက်နှာ - ၈


# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာသံရုံးဝန်ထမ်းများနှင့် တွေ့ဆုံ


နေပြည်တော် အောက်တိုဘာ ၆

ကိုရီးယားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၅ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာသံရုံး၌ မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံသည်။

**ပြန်လည်ထွက်ခွာ**

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံး၍ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာသံအမတ်ကြီး ဦးသန့်စင်တို့က အင်ချွန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်က အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

# မူဆယ် ၁၀၅ မိုင် စီးပွားရေးဇုန် သစ်သီးရောင်းကွင်းတွင် ရှမ်းဖရဲသီးများဈေးပိုရ



မူဆယ် အောက်တိုဘာ ၆

တရုတ်-မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင် စီးပွားရေးဇုန်နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါးများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် သစ်သီးရောင်းကွင်းတွင် အောက်တိုဘာလပထမပတ်မှ စတင်ကာ မြန်မာနိုင်ငံဘက်က ဖရဲသီးများကို တရုတ်ဘက်က ပြန်လည်အဝယ်လိုက်လာသည့်အတွက် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ဖရဲသီးကားများ တစ်နေ့ထက်တစ်နေ့ ပို၍အဝင်များလာနေပြီး ဗမာဖရဲသီးထက် ရှမ်းဖရဲသီးက ဈေးနှုန်းပို၍ရရှိနေကြောင်း သိရသည်။

**ဖြန့်ဖြူးရောင်းချ**

ရှမ်းပြည်နယ်ဒေသအသီးသီးမှ ထွက်သည့်ဖရဲသီးကို ရှမ်းသီး၊ မန္တလေး၊ စစ်ကိုင်း၊ တံတားဦးနှင့် အောက်ဘက်(ပြည်မ)က ထွက်သည့် ဖရဲသီးကို ဗမာဖရဲသီးလို့ ဈေးကွက်အခေါ်အဝေါ်အရ သိရသည်။

မွန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က "ကျွန်တော်တို့ တင်ပို့လိုက်တဲ့အခါ တစ်ဖက်နိုင်ငံက တင်ပို့လိုက်တဲ့ကုန်ပစ္စည်းတွေကို တစ်ခါတည်း ဘူးနဲ့ပါကင်လုပ်ပြီး သက်ဆိုင်ရာကုမ္ပဏီအလိုက် တရုတ်ပြည်တစ်ပြည်လုံးကို ဖြန့်ဖြူးရောင်းချနေတာ ဖြစ်ပါတယ်။ အခုလိုဒီက ဒိုင်တွေနဲ့ တစ်ဖက်နိုင်ငံက


စာမျက်နှာ ၃ ကော်လံ ၁ သို့


**ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။**




# ကြေးမုံ

## စိတ်ရင်းမှန်ကန်စွာဖြင့် စာနာထောက်ထား

ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာက ထိခိုက်ခံရသူအသိုက်အဝန်းများအတွက် စိုးရိမ်ပူပန်မှုများ၊ လူသားချင်းစာနာထောက်ထားမှုများဖြစ်ပေါ်နေသည်ကို နားလည်ပါသည်။ အမှန်စင်စစ် ၎င်းတို့ပြောဆိုနေသော လူသားချင်းစာနာမှုပဋိပက္ခကို စတင်ဖြစ်စေသည့် ၂၀၁၆ - ၂၀၁၇ ခုနှစ် အာဆာအကြမ်းဖက်တို့၏တိုက်ခိုက်မှုမတိုင်မီကတည်းက မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်နေသည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တက်လှမ်းရာ၌ စိန်ခေါ်မှုတစ်ခုဖြစ်သည်။ နောက်ခံအကြောင်းတရားများနှင့် သိမ်မွေ့ရှုပ်ထွေးပြီး ထိလွယ်ရှလွယ်အရေးကိစ္စဖြစ်သည့်အတွက် ရေရှည်တည်တံ့ပြီး လက်တွေ့ကျသည့်အဖြေရှာမှုများကို စနစ်တကျ ညှိနှိုင်းတိုင်ပင်လုပ်ကိုင်လျက်ရှိသည်။ ရခိုင်ပြည်နယ်အရေးကိစ္စသာမက နိုင်ငံအတွင်း ရေရှည်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို လွှမ်းခြုံဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ လက်ရှိဦးစားပေးလုပ်ငန်းစဉ်မှာ နေရပ်စွန့်ခွာသွားသူများအား နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ စိစစ်လက်ခံရေးနှင့် ပြန်လည်ဝင်ရောက်လာသူများအတွက် ပိုမိုကောင်းမွန်သည့်ပတ်ဝန်းကျင်တစ်ခုကို လူသားချင်းစာနာထောက်ထားမှုဖြင့် ဖန်တီးပေးရေးဖြစ်သည်။ သို့သော် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပြန်လည်စိစစ်လက်ခံရေးအစီအစဉ်မှာ လက်တွေ့အကောင်အထည်ပေါ်မလာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ရှိ စခန်းများတွင် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လာရောက်ရေးကို ဟန့်တားမှုများနှင့် အမြတ်ထုတ်မှုများရှိနေသည်။ အဆင်ပြေချောမွေ့သော ပြန်လည်လက်ခံရေးဖြစ်စေရန်မှာ စစ်မှန်သောနိုင်ငံရေးဆန္ဒ၊ ခိုင်မာသောကြိုးပမ်းအားထုတ်မှုနှင့် သဘောတူညီထားသည့် ကတိကဝတ်များအား အတိအကျလိုက်နာဖို့လိုသည်။

နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးကို သဘောတူညီထားသည့် ကတိကဝတ်များနှင့်အညီ လက်ခံရမည်ဖြစ်သော်လည်း နေရပ်စွန့်ခွာသွားသူများကို ခုတုံးလုပ်၍ မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများ၊ တောင်းဆိုမှုများ ဆက်တိုက်ပြုလုပ်နေသည်မှာ လျော်ကန်သင့်မြတ်မှုမရှိသလို လက်ခံမည်လည်း မဟုတ်ချေ။ ထိုကဲ့သို့ ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု၊ ဟန့်တားမှု၊ ဖိအားပေးမှုများကြားမှ နေရပ်စွန့်ခွာသူ ၃၀၀ ကျော်သည် ၎င်းတို့၏ဆန္ဒသဘောအရ ၎င်းတို့အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာကြရာ မြန်မာနိုင်ငံဘက်မှ စနစ်တကျစိစစ်လက်ခံပြီး လုံခြုံသိက္ခာရှိသော ဘဝများကို ပြန်လည်ထူထောင်ပေးနေသည်မှာ လူသားချင်းစာနာမှုကို စစ်မှန်သောစေတနာဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသွားသူများအတွက် ဖွင့်လှစ်ထားသောစခန်းများမှနေ၍ မြန်မာနိုင်ငံသို့ ၎င်းတို့၏သဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများမှာ အောက်တိုဘာလ ၂ ရက်နေ့အထိ ၃၀၀ ကျော်ရှိနေပြီး သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ကာ ပြန်လည်လက်ခံပေးခဲ့သည်။ ၎င်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တို့မှ တာဝန်ရှိသူများက စနစ်တကျ လက်ခံခဲ့ကြပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ လှဖိုးခေါင်ကြားစခန်းသို့ ပို့ဆောင်ပေးခဲ့သည်။ ကြားစခန်းတွင်လည်း စားနပ်ရိက္ခာနှင့် အသုံးအဆောင်များ ထောက်ပံ့ပေးခဲ့ကြပြီး ၎င်းတို့နေထိုင်မည့် ကျေးရွာအသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ မည်သို့ပင် ဖိအားပေးမှုများ၊ နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်နေသော်လည်း မြန်မာနိုင်ငံအနေဖြင့် စိတ်ရင်းမှန်ကန်စွာဖြင့် ဖြောင့်မတ်စွာပြုလုပ်ပေးနေသကဲ့သို့ လူသားအချင်းချင်း စာနာထောက်ထားမှု အမှန်တကယ်ရှိပါလျှင် စစ်မှန်သောစေတနာဖြင့် ယခင်ကတည်းက ဆန္ဒပြုထားပြီးသူများအား နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ အတိအကျလိုက်နာပြီး အဆင်ပြေချောမွေ့စွာ ပြန်လည်လွှဲပြောင်းပေးခြင်းသည်သာ အသင့်လျော်ဆုံးနည်းလမ်းဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ ဝိဇ္ဇာခန်းမ၌ ပြောင်းလဲကျင်းပသွားမည်

**နေပြည်တော် အောက်တိုဘာ ၆**

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အမျိုးသားပြတိုက်၌ ကျင်းပမည့်အစား ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နည်းပညာအလုပ်ရုံဆွေးနွေးပွဲတွင် ရွှေလွှာတင်ခြင်းနည်းပညာ၊ လျှပ်စစ်သုံးရွှေလွှာတင်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေကပ်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေထုတ်လုပ်ခြင်းနည်းပညာနှင့် ရွှေပြားကပ်သည့်နေရာ၌ အသုံးပြုသော ပစ္စည်းများအပေါ်တွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုဆိုင်ရာ နည်းပညာနယ်ပယ်များနှင့် စပ်လျဉ်းသည့် စာတမ်းများဖတ်ကြားပြီး ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်သည်။

နည်းပညာအလုပ်ရုံဆွေးနွေးပွဲကို ရွှေတိဂုံစေတီတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် စေတီတော်ကြီးတွင် ကပ်လှူထားသော ရွှေသင်္ကန်းများဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ပြန်လည်ဖွင့်လှစ်ရောင်းချ

**ရန်ကုန် အောက်တိုဘာ ၆**

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း(သိမ်ဖြူလမ်း)ကို ယမန်နေ့နံနက်ပိုင်းတွင် ပုံမှန်ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဆိုင်ခန်းပေါင်း ၇၀ ကျော်ရှိကြောင်း သိရသည်။

"ဆိုင်ခန်းပေါင်း ၇၇ ခန်းစာရင်းရှိပါတယ်၊ စာပေဟောပြောပွဲနဲ့ စာပေပဟေဠိ အစီအစဉ်တွေကို စီစဉ်နေပါတယ်"ဟု စာအုပ်လမ်း ကော်မတီ၏ အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။



အောက်တိုဘာ ၆ ရက် တနင်္ဂနွေနေ့တွင် ပေါ်ပြူလာဂျာနယ်၏ စီစဉ်ပံ့ပိုးမှုဖြင့် စာပေအမေးအဖြေ ပဟေဠိအစီအစဉ်ကို မွန်းလွဲပိုင်း၌ ကျင်းပကာ စာအုပ်ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရန်ကုန်(စနေ-တနင်္ဂနွေ) စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ပံ့ပိုးမှုဖြင့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်စေရန် ၂၀၁၇ ခုနှစ်၊ ပွင့်လင်းရာသီမှစတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စာအုပ်မိတ်ဆက်ပွဲ၊ စာပေဟောပြောပွဲနှင့် စာပေပဟေဠိပွဲများစီစဉ်ပေးကာ ဒီဇင်ဘာလကုန်အထိ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



### (၄) အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

### (၅) ဓာတ်ပုံနှင့် ဗီဒီယိုတွင် ပါဝင်သည်များကို ကြိုတင်အသိပေးပါ

မိမိမျှဝေလိုသည့် အကြောင်းအရာကို ဖတ်ရှုမည့်သူများက သတိထားပြီး ရွေးချယ်နိုင်ရန် ဓာတ်ပုံ၊ ဗီဒီယိုဖိုင်များကို တင်သည့် အခါ ၎င်းတွင်ပါဝင်သည့် အကြောင်းအရာ၏ သဘောသဘာဝကို ကြိုတင်အသိပေးထားရပါမည်။




စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ- ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ-ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ

- မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း။
- အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နှင့် ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း။
- အသံစနစ်မှ အက္ခရာစာလုံးစနစ် ( Voice to Text ) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း၊ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့

WORLD SIGHT DAY

အောက်တိုဘာလ(၁၀)ရက်ကြာသပတေးနေ့

"Vision First"

"အမြင်အာရုံကောင်းစေဖို့ဦးစားပေးကာဆောင်ရွက်စို့"

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြဝတီမြို့ရှိ Border Control Facilities အဆောက်အဦတွင် တာဝန်ချထားမည့်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် မြဝတီမြို့ရှိ Border Control Facilities အဆောက်အဦတွင် ကျင်းပသော Border Control Facilities အဆောက်အဦ၌ တာဝန်ချထားမည့် အဖွဲ့အစည်းများ၊ ကုန်သွယ်လုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဌာနတစ်ခုချင်းစီ၏ လုပ်ဆောင်သွားမည့်လုပ်ငန်းများ၊ လုပ်ငန်းတာဝန်များအား အသေးစိတ်ရေးဆွဲဆောင်ရွက်သွားမည့် အစီအမံများ၊ ဖြတ်သန်းခန့်ခန်းထားများ၊ လမ်းတံတားများ ပြုပြင်ရမည့်အခြေအနေများကို အသေးစိတ်တင်ပြခဲ့ကြပြီး ကုန်သွယ်လုပ်ငန်းရှင်အဖွဲ့အစည်းများကလည်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ဖြည့်ဆည်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် သထုံခရိုင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ဘီးလင်းမြစ်ရေကြီးရေလျှံမှု ကာကွယ်တားဆီးနိုင်ရေး၊ ရေလမ်းကြောင်းကောင်းမွန်စွာ စီးဆင်းနိုင်စေရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက် စာတည်းအဖွဲ့နှင့် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ပြီး စာတည်းအဖွဲ့နှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက The Global New Light of Myanmar သည် နိုင်ငံတော်အစိုးရအာဘော်ကို ထင်ဟပ်သည့် တစ်ခုတည်းသော အင်္ဂလိပ်သတင်းစာဖြစ်သည့်အတွက် အရည်အသွေး ဘက်စုံပြည့်မီရန်၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်တိကျရန်နှင့် အင်္ဂလိပ်စာအရေးအသားပိုင်းဆိုင်ရာ အမှားကင်းစင်ပြီး စံမီရန်အရေးကြီးပါကြောင်း၊ မိမိတို့၏ ရည်မှန်းစာဖတ်ပရိသတ်များအတွက် အမှန်တကယ် အားကိုးအားထားပြုနိုင်အောင် မိမိတို့အားလုံး ကြိုးစားအားထုတ်ရမည်ဖြစ်ပါကြောင်းနှင့် စာတည်းအဖွဲ့အနေဖြင့် လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် မှာကြားသည်။

ထို့နောက် The Global New Light of Myanmar သတင်းစာတိုက် စာတည်းအဖွဲ့က လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး The Global New Light of Myanmar သတင်းစာ ပုံနှိပ်စက်ခန်းကို လှည့်လည်ကြည့်ရှုသည်။(ဓါတ်ပုံ)

**သတင်းစဉ်**

**✪ ရှေ့ဖုံးမှ**

ကုန်သည်အရောင်းအဝယ်သမားတွေ ပေါင်းစပ်ညှိနှိုင်းပြီး ထိုက်သင့်တဲ့အကျိုးအမြတ်လေးရအောင် လုပ်ပေးနိုင်မယ်ဆိုရင် လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းက ပိုပြီးတိုးတက်လာနိုင်မယ်လို့ ကျွန်တော်မြင်မိပါတယ်" ဟု ပြောကြားသည်။

အောင်ဟိန်းပွဲရုံပိုင်ရှင် ဦးကျော်က "လောလောဆယ်အနေအထားမှာ ရှမ်းသီးက ဗမာသီးထက် ဈေးပိုရနေတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှမ်းသီးက ဒီနှစ် မိုးနည်းတဲ့အတွက် အသီးအရည်အသွေးက အရင်နှစ်က အသီးတွေနဲ့မတူဘူး။ ဒီနှစ်ထွက်တဲ့အသီးက အလုံးကြီးတာချင်းအတူတူ အတွင်းသားလည်းကောင်းပြီး အပြင်အရောင်လည်း ကောင်းတာကိုတွေ့ရပါတယ်။ ဗမာသီးအနေအထားကျတော့ လောလောဆယ် မိတ္ထီလာ၊ မြင်းခြံသီးတွေပေါ်နေတဲ့အတိုင်းအတာမှာ မိုးတအားများတယ်။ အမှည့်စိုက်တွေ တအားဝင်ပြီး သူ့ရဲ့အရည်အသွေးကို မှန်မှန်ကန်ကန် မခူးရတဲ့အတွက် ပယ်သီးလည်းကျသလို အဝေးတင်လည်းမကောင်းဘူး။ ဒါကြောင့် ရှမ်းသီးနဲ့ ဗမာသီးဈေးနှုန်းကွာဟမှုဖြစ်တာပါ။ ကျွန်တော်တို့ဘက်က တောင်သူတွေအနေနဲ့ အရည်အသွေးကောင်းကောင်းလေးနဲ့ မြေဩဇာ မှန်မှန်ကန်ကန် ကျွေးပြီးတော့ အသီးဖြစ်ထွန်းအောင်၊ တရုတ်ရဲ့ Export ကို မီအောင် စိုက်ပျိုးနိုင်ရင်တော့ ဈေးကွက်ကောင်းလာမှာပါ" ဟု ပြောသည်။

ခွာညိုပွဲရုံပိုင်ရှင်တစ်ဦးဖြစ်သည့် ဦးစိုင်းခင်မောင်က "အောက်တိုဘာ ၅ ရက်ကဆိုရင် အဝင်ကားအစီးရေ ၃၀ လောက် ဝင်ရောက်ရောင်းချတာကို တွေ့ရပါတယ်။ အခုလက်ရှိဖရဲသီးဈေးကတော့ တစ်တန်ကို တရုတ်ယွမ် ၂၀၀၀ အထက်မှာရှိပြီး အောက်ပိုင်းအသီးတွေကတော့ အမြင့်ဆုံးဈေး တစ်တန်ကို ယွမ် ၁၆၀၀ ခန့်အထိသာရရှိကာ အသီးဈေးနှုန်းက အသီးအရည်အသွေးပေါ်မူတည်ပြီး ရရှိတာဖြစ်ပါတယ်" ဟု ပြောသည်။

ဖရဲသီးများကို မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ခြောက်ဘီးယာဉ်ဖြင့် ၁၀ တန်အထိလည်းကောင်း၊ ၁၂ ဘီးယာဉ်ဖြင့် ၁၆ တန်မှ ၁၇ တန်အထိလည်းကောင်း တင်ဆောင်ပြီး ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းတွင် ရာသီချိန်ရောက်ချိန်တိုင်း အရောင်းအဝယ်ပြုလုပ်နေသည့် ဖရဲသီးအမျိုးအစားများမှာ မိုးသီးများဖြစ်သည့် 212(ခ)ကုလားမသီး၊ 855(ခ)ကျား၊ ထျန်ဝမ်၊ အစေ့မဲ့ 1416 စသည့် ဖရဲသီးများ အရောင်းအဝယ်ပြုလုပ်နေခြင်းဖြစ်ပြီး အဆိုပါဖရဲသီးများ၏ ဈေးနှုန်းများမှာ လက်ရှိအနေအထားအရ ဗမာဖရဲသီးဈေးက တရုတ်ယွမ်ငွေ ၁.၀၀ - ၁.၄၀၊ ရှမ်းသီးမှာ တရုတ်ယွမ်ငွေ ၂ ဒသမ ၀၀ ယွမ်အထိ ရရှိကြောင်းနှင့် မူဆယ်နယ်စပ် နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ရေးကို နေ့စဉ် နံနက် ၆ နာရီမှ ၉ နာရီဝန်းကျင်အထိ ဝယ်ယူရောင်းချနေကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# စစ်ကိုင်းမြို့နယ်တွင် ဓမ္မဝတီ အလင်းစေတမန်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၆**

စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာ တိုက်နယ်အုပ်စုတွင် ဓမ္မဝတီ အလင်းစေတမန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာစိန်ထွန်းက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက် ရှင်သန်ရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးသွားစေလိုကြောင်း၊ ကျေးရွာပြည်သူများကလည်း မိမိတို့အားလပ်ချိန်များတွင် ပညာဗဟုသုတများ ရရှိအောင် စာပေဖတ်ရှုသွားကြစေလိုကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အလင်းစေတမန် စာကြည့်တိုက်အတွက် စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်အောင်ထွေး၊ ရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာဦးစန်းအောင်တို့က သုတ/ရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယမန်နေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မေခအစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကချင်ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ပိုက်တီကုန်သွယ်ရေးစခန်းကို နိုင်ငံတကာအဆင့်မီ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်၏ စီးပွားရေးသည် အခြားပြည်နယ်များထက် ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ကုန်စည်စီးဆင်းနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ညှိနှိုင်းပေါင်းစပ်ပေးကြသည်။

သတင်းစဉ်

# မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာ ၂၀ အား တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ပေးသွားမည်

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းဘူးခရိုင်အတွင်း ကျေးရွာ ၂၀ တွင် ကျေးလက်ဒေသမီးရရှိရေး တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ တစ်အိမ်သုံးဆိုလာစနစ်ကို မင်းဘူးခရိုင်အတွင်းရှိ မင်းဘူးမြို့နယ်မှ ဝက်မြေကန်ကျေးရွာတွင်လည်းကောင်း၊ စလင်းမြို့နယ်မှ သနပ်ကုန်းကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ ငလှိုင်တွင်းရွာသစ်ကျေးရွာ၊ ကင်မွန်းခြံကျေးရွာ၊ ကျောက်ရဲကျွန်းကျေးရွာနှင့် သူဌေးကုန်းကျေးရွာတို့တွင်လည်းကောင်း၊ ငဖဲမြို့နယ်မှ မရိုးကန်ကျေးရွာ၊ မာန်အောင်ကျေးရွာ၊ ကံရွာကျေးရွာ၊ ညောင်ကိုင်းကြီးကျေးရွာ၊ စည်သာကျေးရွာ၊ ဆူးပဒေါင်းကျေးရွာနှင့် ကံပေါက်ကျေးရွာတို့တွင်လည်းကောင်း၊ စေတုတ္တရာမြို့နယ်မှ လုံးကြီးအနောက်ကျေးရွာ၊ အပေါကျေးရွာ၊ ဒိုင်းကျေးရွာ၊ နန်ကြူကျေးရွာ၊ ညောင်ပင်ကျင်းကျေးရွာနှင့် ပေါင်ချောင်ကျေးရွာအသီးသီးတို့တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အတွင်း တပ်ဆင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် မင်းဘူးမြို့နယ်မှ ဝက်မြေကန်ကျေးရွာနှင့် စေတုတ္တရာမြို့နယ်မှ လုံးကြီးအနောက်ကျေးရွာများတွင် တပ်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အဆိုပါဆိုလာစနစ်ကို တပ်ဆင်ပြီးပါက မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာ ၂၀ မှ အိမ်ခြေ ၁၁၄၈ လုံးနှင့် အများပြည်သူပိုင်နေရာများဖြစ်သော လမ်းမီးများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ဘာသာရေးအဆောက်အအုံများ မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ စိုးမိုးကျော်






# ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အင်ဒိုနီးရှားရေတပ်မှ ရေယာဉ်အမှုထမ်းများ၏ စစ်ရေးပြသရုပ်ပြပွဲအား ကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၆**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်ရှိ ပြည်သူ့ရင်ပြင်တွင် ယနေ့ နံနက် ၉ နာရီက ချစ်ကြည်ရေးခရီးရောက်ရှိလာသော အင်ဒိုနီးရှားရေတပ်မှ ရေယာဉ်အမှုထမ်းများ၏ စစ်ရေးပြသရုပ်ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အင်ဒိုနီရှားရေတပ်မှ ရွက်သင်္ဘောအမျိုးအစား စစ်ရေယာဉ် KRI BIMA SUCI – 945 သည် စစ်ရေယာဉ်မှူး Lieutenant Colonel Waluyo ဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် သီလဝါဆိပ်ကမ်းသို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြသည်။

ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ရန် ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရပြီး အထင်ကရ ကမ္ဘာ့အံ့ဖွယ်တစ်ခုဖြစ်သည့် ရွှေတိဂုံစေတီတော်၏ ခြေတော်ရင်း ပြည်သူ့ရင်ပြင်၌ ပထမဦးဆုံးရေယာဉ်အမှုထမ်းများ၏ Drum Band Performance စစ်ရေးပြသရုပ်ပြပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကူအညီဖြင့် ပြသခြင်းဖြစ်ကြောင်း၊ ထို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ပါကြောင်း မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် စစ်ရေးပြသရုပ်ပြသမည့် အင်ဒိုနီးရှားရေတပ်ရေယာဉ်အမှုထမ်းများက ဝန်ကြီးချုပ်၊ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားရေတပ်စစ်သံမှူး၊ စစ်ရေယာဉ်မှူးတို့အား အလေးပြုကြပြီး စစ်ရေးပြသရုပ်ပြပွဲကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြသည်။

ဆန်းကျော်ဦး (ပြန် / ဆက်)

# ပူတာအိုခရိုင် ပြည်သူ့ဆေးရုံတွင် ဘယ်လ်ဂျီယံနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ

**ပူတာအို အောက်တိုဘာ ၆**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် သီတဂူဆရာတော်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ထူးဖောင်ဒေးရှင်း၏ အဓိကပံ့ပိုးကူညီမှုနှင့် Medical Action Myanmar၊ ကြက်ခြေနီ၊ ခရိုင်ကုသရေးဦးစီးဌာနတို့ ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် ဘယ်လ်ဂျီယံနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက ယနေ့ နံနက် ၁၀ နာရီမှစတင်၍ ပူတာအိုခရိုင် ပြည်သူ့ဆေးရုံတွင် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးကုသမှုတွင် ဘယ်လ်ဂျီယံနိုင်ငံမှ Dr.Patrick Tonnard ဦးဆောင်သော ခွဲစိတ်အထူးကုဆရာဝန် ၁၂ ဦး၊ မြန်မာနိုင်ငံမှ အထူးကုဆရာဝန်ကြီး ခြောက်ဦးတို့က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များ၊ မီးလောင်၍ ရရှိသော မျက်နှာဒဏ်ရာများ၊ တိရစ္ဆာန်ဆွဲကုတ်ခြစ်မိဒဏ်ရာများ၊ သွားနှင့် ခံတွင်း ကျန်းမာရေး၊ အက်ဆီးဒင့်ကြောင့်ရရှိသော ဒဏ်ရာအမျိုးမျိုးတို့ကို အောက်တိုဘာ ၆ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ၆ ရက်တိုင်တိုင် အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ ခရိုင်ဆေးရုံအုပ်ကြီး/ ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်ဝင်းနှင့် ထူးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)



# မီးလောင်သွားသော သီပေါမိုင်းလင်းဘုန်းတော်ကြီးကျောင်းအား အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သီပေါ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိုင်းလင်းကျေးရွာမှ မီးလောင်သွားသော ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်နှင့် သံဃာတော်များအား နယ်စည်းမခြား ပရဟိတ (သီပေါ)နှင့် မြို့နယ်ကြက်ခြေနီအသင်း၊ မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များက သင်္ကန်း၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်နှင့် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်စားသောက်စရာများ၊ စာရေးကိရိယာများ၊ အလှူငွေများကို ယနေ့ နံနက် ၁၀ နာရီက ကျေးရွာအရောက် သွားရောက်လှူဒါန်းကြသည်။

နယ်စည်းမခြား ပရဟိတခေါင်းဆောင် ဦးမျိုးလွင်က စားသောက်စရာများနှင့် ငွေကျပ်တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းက ငွေကျပ် ရှစ်သိန်းကျော်နှင့် ဟင်းချက်စရာများကိုလည်းကောင်း၊ မိုင်းလင်းကျောင်းထိုင်ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ကြက်ခြေနီအသင်းဝင်များ၊ နယ်စည်းမခြားပရဟိတနှင့် လူမှုရေးအသင်းများက မိုင်းလင်းရွာဦး ဘုန်းတော်ကြီးကျောင်း မီးလောင်ပြင်ကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ စိုင်း(သီပေါ)

# ပရဟိတအကျိုးဆောင်အလှူရှင်များ(ရန်ကုန်မြို့)၏ အဌမအကြိမ်မြောက် သာမဏေအပါး ၁၈၀၀ နှင့် သီလရှင်အပါး ၆၀၀ တို့အား ဝါဆိုသင်္ကန်းနှင့် သီလရှင်ဝတ်စုံများလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၆**

ပရဟိတအကျိုးဆောင် အလှူရှင်များ(ရန်ကုန်မြို့)က ကြီးမှူးကျင်းပသော အဌမအကြိမ်မြောက် သာမဏေအပါး ၁၈၀၀ နှင့် သီလရှင်အပါး ၆၀၀ တို့အား ဝါဆိုသင်္ကန်းနှင့် သီလရှင်ဝတ်စုံများလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီးအတွင်းရှိ ဝိမုတ္တိရသဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောဝိဒထံမှပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး အလှူရှင်များနှင့်ပရိသတ်တို့က ဆရာတော်သံဃာတော်များအားလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများ ရှင်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုဒ္ဒိဗလကယနေ့သာသနာတော်ကြီးအားချီးမြောက်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဝမ်းမြောက်ဖွယ်စကားမြွက်ကြားပြီးသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက လှူဒါန်းရခြင်းအကြောင်းကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောဝိဒကအနုမောဒနာတရားမြွက်ကြားကာ ပရိသတ်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီးလှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများလောင်းလှူကြသည်။

ယနေ့လှူဒါန်းပွဲတွင် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်နှင့်အလှူရှင်များ၊ ပရဟိတအကျိုးဆောင်အလှူရှင်များ(ရန်ကုန်မြို့)တို့က သာမဏေအပါး ၁၈၀၀နှင့်သီလရှင်အပါး ၆၀၀တို့အတွက် ငွေကျပ်၁၃၀၅သိန်းတန်ဖိုးရှိ ဝါဆိုသင်္ကန်းနှင့် သီလရှင်ဝတ်စုံများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်၊ တန်ဆောင်တိုင် စသည့် ပွဲတော်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်နိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**






# သာသနာတော်အတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဓမ္မအလင်းရောင်အသင်းအကြိမ်(၁၀၀)ပြည့် အလှူပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

သာသနာတော်ကြီးအစွန့်ရှည်တည်တံ့ရေးနှင့် အထောက်အပံ့ဖြစ်စေရေးရည်ရွယ်၍ သံဃာပရိယတ္တိစာသင်တိုက်များ၊ သီလရှင်ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ လိုအပ်ချက်များကို လစဉ်မပျက် တစ်လလျှင်တစ်ကြိမ် ဓမ္မအလင်းရောင်အသင်း (ရန်ကုန်)မှ လှူဒါန်းမှုများပြုလုပ်လျက်ရှိရာ ယခုဆိုလျှင် အကြိမ်(၁၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ယင်းသို့ အကြိမ်(၁၀၀) ပြည့်မြောက်မှုအထိမ်းအမှတ်အနေဖြင့် အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးထန်းတပင်မြို့နယ် (၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးပရိယတ္တိစာသင်တိုက်အတွင်း၌ ထန်းတပင်မြို့နယ်ရှိကျောင်းတိုက်ပေါင်း ၈၀ ကျော်မှ ပင့်သံဃာအပါး ၁၁၀ တို့အား ပင့်ဖိတ်၍ စုပေါင်းရေစက်ချတရားနာယူပွဲ၊ နေ့တရားပွဲ၊ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကျောင်းရှိဓမ္မစကူးလ် ကလေးငယ်ပေါင်း ၄၀၀ ကျော်၊ မြို့မိမြို့ဖများနှင့်ဧည့်သည်တော် စုစုပေါင်း ၂၀၀၀ ကျော်တို့အား စတုဒိသာကျွေးမွေးခြင်းစသည့်လှူဒါန်းမှုများဖြင့် ရာပြည့်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ဓမ္မအလင်းရောင်အသင်း(ရန်ကုန်)ကို ၂၀၁၁ ခုနှစ်ဖွန်လတွင် စတင်တည်ထောင်ခဲ့ပြီးတည်ထောင်သည့်အချိန်မှစတင်ကာ တစ်လလျှင်တစ်ကြိမ် လစဉ်မပြတ် သာသနာတော်အတွက် အထောက်အပံ့ဖြစ်စေရန် လှူဒါန်းမှုများကိုဆောင်ရွက်ခဲ့ပြီး အကြိမ်(၁၀၀)ပြည့်အထိ လှူဒါန်းမှုစုစုပေါင်းတန်ဖိုးငွေကျပ်သိန်းလေးထောင့်နှစ်ရာကျော်ရှိပြီဖြစ်ရာလက်ရှိတွင် အသင်းဝင်ပေါင်း ၆၀၀ ကျော်နှင့် အလှူရှင်ပေါင်း ၃၀၀၀ ကျော်တို့ဖြင့် လှူဒါန်းမှုများကိုပြုလုပ်လျက်ရှိကြောင်း၊ ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဓမ္မအလင်းရောင်အသင်း Facebook Page တွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေးမင်းသူ**

# လူထုဗဟိုပြုစီမံကိန်း ဆဌမနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့်သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၆**

လူထုဗဟိုပြုစီမံကိန်း ဆဌမနှစ် နှစ်ပတ်လည်ပြည်ထောင်စုအဆင့်သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီတွင်နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**

# အရပ်မျက်နှာ၊ ပန်းမျက်နှာ

ဇာဂရဏ

ပြောရေးရှိက ပြောအပ်လှ၏ဟု ဆိုသည်။

ခုတော့ သည်လိုမဟုတ်တော့။

"ရေး" ရေးရှိက ရေးအပ်လှ၏ဖြစ်ခဲ့ပြီ။

မြန်မာမှုတွင် " အမှိုက်ကစ ပြာသာဒ်မီးလောင်"ဟု ဆိုသည်။

"အမှိုက်၊ အမှိုက်ကောင်"စသည်တို့သည် ပြဿနာ။ ရှင်းကို ရှင်းထားရမည်။ ကျွန်တော်တို့တိုက်ခန်းရှေ့ ဗာဒံပင်ကြီးသည် ရွက်ကြွေတောကို ဖန်ဆင်းပေးသည်။ သည်ရွက်ကြွေတောသည် လွမ်းစရာမကောင်းပါ။ အိမ်ရှင်နှင့် ကျွန်တော် လှည်းကျင်းထားသဖြင့် ကွန်ကရစ်ခင်းထားသော မြေပြင်သည် ပြောင်စင်နေသော်လည်း အမှိုက်ပုံမှာကား ကျင်းတစ်ဝက် နီးနီးရှိပြီ။

သည်အမှိုက်ပုံကို ကျွန်တော်ဆင်းကျုံးသည်။ ပလတ်စတစ်အိတ်ကြီး သုံးလုံးအပြည့်ရသည်။ အမှိုက်ကျုံးရတာ တစ်နာရီကြာပါသည်။ ထိုစဉ်တွင် ကျွန်တော်တို့ငှားစားထားသောအခန်းတွင် ပါကေးခင်းနေသည့် ဖိုးခွားတို့ ပါကေးဖြတ်စ နှစ်ထမ်းဖြင့် ဆင်းလာသည်။ ယခင်အိမ်တွင် ခင်းထားသောပါကေးကြမ်းခင်းများကိုခွာကာ ငှားထားသောအခန်းတွင် ပြန်ခင်းခြင်းဖြစ်သည်။

ပါကေးကြမ်းခင်းအောက်ခံ ဖော့လိပ်အဟောင်း တစ်လိပ်ပါသည်။ ဗာဒံပင်ခြေရင်း အုတ်ပေါင်ပေါ်တင်ထားလိုက်သည်။ ဗာဒံရွက်ထုပ်သုံးထုပ်ဆိုလျှင် မနက်ဖြန်လာမည့် စည်ပင်အမှိုက်ကားပေါ် တင်လို့ရသည်။ ပါကေးပြားအစုတ် ဖြတ်စတွေပါ ပါနေတော့ ညပိုင်း "အမှိုက်ပစ်မယ် အမှိုက်ဟု" အော်လာတတ်သော၊ လိမ္မော်ရောင် အပေါ်ဖုံးဂျာကင်ဝတ်ထားတတ်သော၊ ပိုက်ဆံပေးက အမှိုက်စွန့်ပေးသော အမှိုက်လှည်းနှင့် ထည့်ပေးမည်ဟု စိတ်မှာတေးထားလိုက်သည်။

ည ၇ နာရီထိုးခါနီး အမှိုက်လှည်းသမား အော်သံကြားသည်။ လှည်းဘီးများတည့်တည့်မလည်။ ဘယ်၊ ညာယိမ်းကာ လည်သည်။ သို့သော် သွားတော့သွားသည်။ အရွေ့ရှိသည်။ ခရီးကား မတွင်လှ။ သူ့မိသားစုအတွက် အပိုဝင်ငွေရှာဖွေကျွေးမွေးခြင်းကို ကျွန်တော်က တစ်ဖက်တစ်လမ်းမှ ကူညီသည့်သဘောဟု တွေးမိသည်။ ပီတိဖြစ်ရပါသည်။ ညီလေး ရပ်ပါဦး။ သူမော့ကြည့်သည်။ အိမ်မီးရောင်မှုန်ဝါးဝါးကြောင့် ပိန်လှီသော၊ မွဲခြောက်သော၊ ရှိရင်းစွဲအသက်ထက်ကြီးပုံပေါက်နေသော သူ့ကိုမြင်ရသည်။ အဲသည်အမှိုက်တွေ တင်သွားပေးပါ။ ကျွန်တော် ဘယ်လောက်ကူညီရမလဲ မေးလိုက်သည်။ သုံးထောင်တောင်းသည်။ ကျွန်တော့် ပင်စင်လစာသည် တစ်ရက်မှ ကျပ် ၇၅၀၀ စွန်းစွန်းသာဖြစ်သည်။ ၂၀၀၀၊ ၂၅၀၀ ဆစ်သည်၊ မရ။ ၃၀၀၀ မလျှော့ဟုဆိုသည်။ ဟိုဘက်လမ်းမှာ သည်ထက်တောင်းလို့ရတယ်။ အမှိုက်တွေ အများကြီးရှိတယ်။ သွားပစ်ရင်လည်း အဆူခံရမလားမသိဘူးဗျဟု ကရားရေလွှတ်ပြောသည်။ ကဲကွာ။ ရပါတယ်။ ပေးမယ် တင်ပါဟုဆိုကာ ပိုက်ဆံကို ကြိုးဖြင့်ချပေးရန်ပြင်သည်။ ထိုစဉ်သူများဆို ၅၀၀၀ တောင်းမှာ၊ အမှိုက်တွေက များတယ်။ သူတောင်းစားပေးသလောက်ရှိတယ်ဟု သူက အော်ပြောလာသည်။

ကျွန်တော့်" ပီတိ"သည် ဒေါသအဖြစ်သို့ပြောင်းသည်။

> **ပညာမတတ်ဟုထင်ရသော၊ ဆင်းရဲသော၊ တန်းမတူသော၊ အားနည်းသော သူငယ်နှင့် ကျွန်တော် သဘောချင်းမတိုက်ဆိုင်သည်မှာ ကျွန်တော့်တွင် "ငါ" စွဲ ကပ်သွားချိန်ဖြစ်မည်ဟု ဖျတ်ခနဲ သိသည်။ ကျွန်တော် မှားသွားပြီ။ ကျွန်တော် ပြင်မည်။**
>
> **ကုသိုလ်နှင့် အကုသိုလ်ကြားမှာ အလွှာပါးလေးတစ်ချပ်သာရှိသည်။ အားလုံးသည် အရပ်မျက်နှာ၊ ပန်းမျက်နှာဖြစ်သည်။ ခေါင်းနှင့် ပန်းသာဖြစ်သည်။**

"ဒေါသစေတသိက်"သည် ခက်ထန်ကြမ်းတမ်းသည်။ အာရုံကိုတိုက်ရိုက်မထိခိုက်သော်လည်း ထိခိုက်သကဲ့သို့ ရှိသည်ဟု ကျွန်တော်သင်ဖူးသည်။ "ဒုက္ခိတသတ္တဝါအပေါ် သနားကြင်နာခြင်းပီတိ"အစား အနိဋ္ဌာရုံကိုခံစားသော လက္ခဏာရှိသည့် ဒေါမနဿဝေဒနာ ကျွန်တော် ခံစားရလိုက်သည်။ သတိတမံကို ဉာဏ်မြေကတုတ် မလုပ်နိုင်တော့။

မတင်နဲ့တော့ညီလေး၊ ရတယ်၊ ကျေးဇူးတင်ပါတယ်ဟု ချိုသာစွာပြောသော်လည်း သည်စကားသည် မာယာနှောသော စကားသာဖြစ်သည်။ ရင်ထဲမှာ ဗလောင်ဆူနေပြီ။ သည်လိုကောင်ကများ ငါ့ကိုကွာ။ အမှိုက်သည်ကောင်လေးက လှည်းကို တွန်းထွက်ထွက်ရင်း ဘယ်လိုလူကြီးလဲဟု အော်သွားသေးသည်။ ဟိုဘက်မှာ အမှိုက်တွေ အများကြီးရှိတယ်ဟု လုပ်သွားသေးသည်။ အခန်းထဲ ပြန်ဝင်သည်။ ဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ဘာဆက်လုပ်မလဲတွေးသည်။ လွယ်လွယ်လေးဖြစ်သည်။ ကိုယ့်အားကိုယ်ကိုးကာ ကျွန်တော့်ကားနောက်ခန်းတွင် ပါကေးအစုတ်နှစ်ထုပ်တင်မည်။ မနက် ၆ နာရီခွဲတွင် ပါဠိသင်တန်းတက်ရန် ကျွန်တော်နှင့်ကားလာစီးမည့် မိတ်ဆွေနှင့် မတင်မည်။ သာစုဘုန်းကြီးကျောင်းနံဘေး နတ်စင်လမ်းပေါ်ရှိ သံပြားဖြင့်လုပ်ထားသော ၃၀၀၀ ကုဗပေလောက်ရှိမည့် အမှိုက်ကန်ကြီးတွင် သွားစွန့်မည်။ ဒါသည် လုပ်နည်းဖြစ်သည်။ ကျန်သည့်ဗာဒံရွက်ထုပ်များ ပုံမှန်အမှိုက်သိမ်းသည့် ကားပေါ်သို့စွန့်ခိုင်းရန် ဇနီးကိုမှာမည်။ ကျွန်တော်က ဘာလုပ်လုပ် Plan သမားဖြစ်သည်။ သည်လိုလုပ်ခဲ့လို့လည်း အတိမ်းအစောင်းမရှိ။ မှန်ကန်ဆဲ။ ရင်ထဲပေါ့သွားပြီ။ ဖြစ်ကြောတိုနိုင်နေပြီ။ ထိုင်ပြီး ဋီကာကျော်ဖြေရန် စာကျက်နေသည်။ ကျွန်တော် အာရုံ စုစည်းမရတော့ပါ။

ပညာမတတ်ဟုထင်ရသော၊ ဆင်းရဲသော ၊ တန်းမတူသော၊ အားနည်းသော သူငယ်နှင့် ကျွန်တော်သဘောချင်းမတိုက်ဆိုင်သည်မှာ ကျွန်တော့်တွင် "ငါ" စွဲ ကပ်သွားချိန်ဖြစ်မည်ဟု ဖျတ်ခနဲ သိသည်။ ကျွန်တော် မှားသွားပြီ။ ကျွန်တော် ပြင်မည်။ စာကျက်လို့ရသွားသည်။ နာရီဝက်ကျော်ကျော်ကြာတော့ ဂလုန်းဂလုန်း အသံတွေကြားသည်။ အမှိုက်လှည်းသံ။ ကျွန်တော်သိသည်။ အသံ၊ အနံ့၊ ပုံစံ၊ ထူးခြားမှု။ အားလုံးမှတ်တတ်သည်။ မှတ်ထားသည်။

ကျွန်တော် တင်နေပြီနော်ဟု အော်ပြောသံကြားသည်။ ဘကြီးရေ တင်နေပြီနော်ဟု ဆက်အော်သည်။ ကျွန်တော် ပြတင်းပေါက်ကြားမှ ချောင်းကြည့်လိုက်သည်။ ခုနက အမှိုက်လှည်းသမားဖြစ်သည်။ သူတင်နေတာကို ကျွန်တော်ကြည့်နေသည်။ အားလုံးတင်ပြီးမှ ဟော့ကောင် မတင်နဲ့တော့။ ပြန်ချလိုက်ဟု လက်စားချေရန်၊ ဒုက္ခပေးလိုက်ရန် အကြံပေါ်သည်။ သူက တင်ပြီးပြီမို့ ပိုက်ဆံပေးရန် တစာစာအော်နေသည်။ မင်းလိုချင် ၁၀၀၀ ပဲ ပေးမယ်။ မကြိုက်ရင် ပြန်ချခဲ့ကွလို့ပြောရန် ကျွန်တော် ဝန်မလေးတော့။ နှုတ်ထွက်ရဲပြီ။

ထို "အဝိဇ္ဇာ"ကို ကျွန်တော် သင်ထားသော "ဝိဇ္ဇာဉာဏ်"က ပယ်လိုက်သည်။ ပိုက်ဆံလာယူဟု ပြောလိုက်သည်။ ကုသိုလ်သည် "(အကုသိုလ်ကို ပယ်သတ်တတ်သော) ပဟာယကတရား"ဖြစ်သည်။ အကုသိုလ်သည် "(ပယ်အပ်သောတရား) ပဟာတဗ္ဗတရား"ဖြစ်သည်။ ကျွန်တော့်အခန်းသို့ သူတက်လာသည်။ ငါ့ကို ၂၀၀၀ ပြန်အမ်းဟု ခပ်ပြတ်ပြတ်ဆိုကာ ၅၀၀၀ တန် ပြလိုက်သည်။ ဟုတ်ကဲ့ဟု ကျွန်တော့်မျက်နှာကို သူမကြည့်ဘဲဖြေသည်။ သည်တစ်ခါ သူက ရှုံးနိမ့်သူဖြစ်သည်လေ။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ရဲဟု ဆိုစကားရှိသည်။ သူသည် လက်တွင်းတွင် ကျစ်နေအောင်ဆုပ်ထားသောပိုက်ဆံထုပ်ကို ဖြေနေသည်ကို တွေ့သည်။ ၅၀တန်၊ ၁၀၀တန်၊၂၀၀တန် နွမ်းနွမ်းများကိုသာ တွေ့သည်။ သူရေတွက်နေသည်။ ၂၀၀၀ မပြည့်ဟု သူက ခပ်တိုးတိုးဖြေသည်။

ရော့ယူသွားတော့ဟု ကျွန်တော် ပြောလိုက်သည်ကို သတိမူမိချိန်တွင် သူသည် အံ့ဩမှင်တက်သော မျက်နှာဖြင့် ကျွန်တော့် မျက်နှာကိုကြည့်ကာ "ခင်ဗျာ"ဟုဆိုသည်။ ပြန်မအမ်းနဲ့။ အကုန်ယူသွားတော့ဟု တိုးတိုးညင်သာ ကျွန်တော် ဘာကြောင့်ပြောမိသည်ကို မစောကြောဖြစ်တော့။

သူဆင်းသွားသည်။ ကျွန်တော် သံဘာဂျာတံခါးကို အားပါးတရ ဆွဲပိတ်လိုက်သည်။

"ဖြစ်" ပြီးသောကိစ္စတစ်ရပ် သူ့သဘောသူဆောင်ကာ "ပျက်"သွားပြီဖြစ်သည်။ အရာရာသည် "ဥဒယဗ္ဗယ" ဖြစ်ခြင်း၊ ပျက်ခြင်းမျှသာဖြစ်သည်။ ပြုသူအသစ် ဖြစ်သူအဟောင်း။

ကုသိုလ်နှင့် အကုသိုလ်ကြားမှာ အလွှာပါးလေးတစ်ချပ်သာရှိသည်။ အားလုံးသည် အရပ်မျက်နှာ၊ ပန်းမျက်နှာဖြစ်သည်။ ခေါင်းနှင့် ပန်းသာဖြစ်သည်။

"ယောနိသောမနသိကာရ"သည် နှလုံးသွင်းသင့်သောတရားဖြစ်သည်။

"ပဋိဃ"၊ "ပဋိဃပက္ခများ" မြန်မြန်ချုပ်ငြိမ်းပါစေဟု ဆုတောင်းသည်။ ။

## ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း (မန္တလေး)တို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၆

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် အောက်တိုဘာ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၆၃/၄) အနီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း(မန္တလေး)တို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ရေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး လုံခြုံစိတ်ချရသည့် ဓာတ်အားစနစ်ဖြစ်စေရေး၊ ဗို့အားစနစ်တည်ငြိမ်မှုရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ပြီး ဓာတ်အားခွဲရုံအတွင်း ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာတိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၆၃/၄)အနီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း (မန္တလေး)သို့ ရောက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ထိန်းချုပ်ပို့လွှတ်နေသော Control Centre အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံပြခန်း၊ ထိန်းချုပ်ရေးစခန်းအတွင်း ဝန်ထမ်းများအတွက် ဆောက်လုပ်ပေးထားသော အားကစားခန်းမများ၊ အိပ်ခန်းများ၊ စားသောက်ခန်းမတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ရေနံစိမ်း ၃၂ လက်မ၊ ပိုက်လိုင်း ၇၇၁ ကီလိုမီတာနှင့် သဘာဝဓာတ်ငွေ့ လက်မ ၄၀၊ ပိုက်လိုင်း ၇၉၃ ကီလိုမီတာရှိသည်။ ရခိုင်ပြည်နယ် မဒဲကျွန်းမှ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ကိုဖြတ်သန်းကာ တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ပျမ်းမျှရေနံစိမ်း မက်ထရစ်တန် ၁၆၀၀၀ ခန့်နှင့် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၄၀၀ ခန့် နေ့စဉ်ပို့လွှတ်ပေးလျက်ရှိပြီး ပြည်တွင်းသုံးစွဲမှုအနေဖြင့် နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၁၀၀ ခန့် ရယူသုံးစွဲလျက်ရှိသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ပုံမှန်လည်ပတ်နိုင်ရန် နည်းပညာဝန်ထမ်းများက Supervisory Control and Data Acquisition (SCADA) စနစ်ဖြင့် ပိုက်လိုင်းတစ်လျှောက် လည်ပတ်မှုအခြေအနေများကို ၂၄ နာရီမပြတ် အချိန်ပြည့် စောင့်ကြည့်လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယအကြိမ်မြောက် သာမဏေအပါး ၃၂၈ ပါး ပူဇော်ပွဲအခမ်းအနား ဒလမြို့နယ်၌ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် Save Our Native town (Dalla) မှ ဦးဆောင်၍ မိတ်ဖက်ပရဟိတအဖွဲ့များ၊ အဟံအဖွဲ့ချုပ်(ရန်ကုန်) တို့ ပူးပေါင်းကျင်းပသော မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ စာသင်သား သာမဏေ ၃၂၈ ပါးတို့အား ဒုတိယအကြိမ်မြောက် သာမဏေပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

ပထမဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကြပြီး S.O.N(Dalla) နာယက ဦးကျော်မြင့်ထွန်းက သာမဏေပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို လျှောက်ထားသည်။ ယင်းနောက် မဟာသုမနရာမကျောင်းတိုက် ဓမ္မပါလလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏထံမှ ငါးပါးသီလ ဆောက်တည်ကြသည်။ ယင်းနောက် သာမဏေ ၃၂၈ ပါးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ သာမဏေများအား ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ သင်္ကန်း၊ ဆေး၊ ဆပ်ပြာ၊ ဗလာစာအုပ် စသည့် အသုံးအဆောင်ပစ္စည်းများနှင့် သာမဏေတစ်ပါးလျှင် ဝတ္ထုငွေကျပ် ၅၀၀၀ တို့အား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကမာကဆစ်အလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ်မြောက် သာမဏေ ပူဇော်ပွဲအခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်ကျောင်းတိုက် ၁၇ တိုက်မှ သာမဏေ စုစုပေါင်း ၃၂၈ ပါး၊ စာသင်/စာချ သံဃာအပါး ၂၀၊ ဆရာတော် ၁၁ ပါး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ S.O.N(Dalla) ပရဟိတအဖွဲ့၊ မိတ်ဖက်ပရဟိတအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပွင့်ဖြူမြို့နယ်၌ အာရှဖွံ့ဖြိုးရေးဘဏ်အစီအစဉ်ဖြင့် ရေတွင်းပေါင်း ၁၂၀၀ တူးဖော်ပေးသွားမည်

**ပွင့်ဖြူ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း စိုက်ပျိုးရေမရရှိသည့် ကျေးရွာများအတွက် ဒေသခံတောင်သူများ အဆင်ပြေစွာ သီးနှံစိုက်ပျိုးနိုင်ရေး အာရှဖွံ့ဖြိုးရေးဘဏ်(ADB)အစီအစဉ်ဖြင့် ရေတွင်းပေါင်း ၁၂၀၀ တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)အစီအစဉ်ဖြင့် ရေတွင်းပေါင်း ၁၂၀၀ တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) မှ ဦးစီးအရာရှိ ဦးစည်သူဖြိုးဝင်း ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး မြို့နယ်အတွင်း အမှန်တကယ် စိုက်ပျိုးရေအခက်အခဲဖြစ်နေသည့် ကျေးရွာများစာရင်းကို ကွင်းဆင်းကောက်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးရေ မရရှိတဲ့ကျေးရွာတွေက တောင်သူတွေ ရာသီအလိုက်သီးနှံတွေ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်ပြီးတော့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)အစီအစဉ်နဲ့ အခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစပြီး ခုနစ်နှစ်စီမံကိန်းနဲ့ စိုက်ပျိုးရေ အဝီစိတွင်းပေါင်း ၁၂၀၀ တူးဖော်ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်။ လတ်တလောမှာတော့ ကျွန်တော်တို့ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ဝန်ထမ်းတွေ မြေပြင်ကွင်းဆင်းပြီး အမှန်တကယ် စိုက်ပျိုးရေအခက်အခဲဖြစ်နေတဲ့ ကျေးရွာ ဟုတ်၊ မဟုတ် စာရင်းကောက်ယူမှုတွေ ဆောင်ရွက်နေပါတယ်။ အဓိကကတော့ စိုက်ပျိုးရေအခက်အခဲဖြစ်နေကြတဲ့ တောင်သူတွေကို စိုက်ပျိုးသီးနှံဝင်ငွေ ပိုမိုရရှိကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်ပြီး စိုက်ပျိုးရေရရှိအောင် တူးဖော်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အခု တူးဖော်ဆောင်ရွက်ပေးမယ့် အဝီစိတွင်းက လယ်ယာမြေစိုက်ပျိုးဧက ၁၅၀၀၀ ခန့် အကျိုးပြုပေးသွားမှာ ဖြစ်ပါတယ်" ဟု ဦးစည်သူဖြိုးဝင်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**






# မြန်မာ့အလင်းသတင်းစာ လူမှုကူညီရေးအဖွဲ့ဝင် သက်ကြီးသတင်းထောက်ကြီးများအား ကန်တော့

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဝင် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးသတင်းထောက်ကြီးများကို အဖွဲ့ဝင်များက တတိယမြောက် ဂါရဝပြုကန်တော့ပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့အလင်းသတင်းစာတိုက်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များအဖွဲ့ စတင်တည်ထောင်သူ စာတည်းမှူးချုပ်(ငြိမ်း) ဦးရဲမြင့်ဖေက မှဒိတာစကား ပြောကြားသည်။

ဆက်လက်၍ အဖွဲ့ဝင်သတင်းထောက် ဦးကျော်ကျော်အောင်(ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး၊ ဆည်/ရေ)က ဝမ်းမြောက်စကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး တင်ဝင်းလေး(ကြည့်မြင်တိုင်)က ပူဇော်ကန်တော့ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး သန်းဝင်း(သန်လျင်)က ကန်တော့ချိုးကို ဦးဆောင်ရွတ်ဆို၍ အဖွဲ့ဝင်များက သက်ကြီးသတင်းထောက်ကြီး ၁၁ ဦးကို ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံသက်ကြီးသတင်းထောက်ကြီးများကို အဖွဲ့ဝင်များက ကန်တော့ခံပစ္စည်းများ ပေးအပ်ဂါရဝပြုကန်တော့ရာ ကန်တော့ခံများကိုယ်စား ဦးစိုးဝင်း(ကျောက်တန်း)က ဆုပေးစကားများပြောကြားပြီး အဖွဲ့ဝင်များက စုပေါင်းပေးလှူထားသော ပစ္စည်းများဖြင့် ကန်တော့ခံသတင်းထောက်ကြီးများအား ဗလာမပါ ကံစမ်းမဲဖြင့် ထပ်မံဂါရဝပြုကြသည်။

**တင်ဝင်းတင်**

ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်

# ရန်ကုန်တက္ကသိုလ်၏ အထင်ကရနေရာများ

သတင်း၊ ဓာတ်ပုံ ဇော်မင်းလတ် (MNA)ဒဿနိကဗေဒ

**ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျဒ်ဆင်ဘုရားရှိခိုး ကျောင်းမျှော်စင်**

ဂျဒ်ဆင်ဘုရားရှိခိုးကျောင်းကို ၁၉၂၇-၃၀၊ ၁၉၃၁-၃၂ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ်၏ အဓိပတိအဖြစ် ဆောင်ရွက်သွားသော ဆာချားလ်စ်အလက်ဇင်းဒါးအင်းနစ်(Sir Charles Alexander Innes) က ၁၉၃၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် အုတ်မြစ်ချခဲ့သည်။

မြေပြင်မှနေ၍ မျှော်စင်ထိပ်အထိ လှေကားထစ်ပေါင်း ၁၈၀ ရှိသည်။ ယခင်က ရန်ကုန်မြို့ရှိ မျှော်စင်ထဲ၌ အမြင့်ဆုံးမျှော်စင်ဖြစ်သည်ဟု သိရသည်။

**တက္ကသိုလ်ဘဝသရုပ်ဖော်သစ်ပုပ်ပင်ကြီး**

တက္ကသိုလ်ဘဝသရုပ်ဖော် သစ်ပုပ်ပင်ကြီးသည် အဓိပတိလမ်း ဘွဲ့နှင်းသဘင်ခန်းမအနီး သိပ္ပံခန်းမရှေ့၌ တည်ရှိသည်။ ဤသစ်ပုပ်ပင်ကြီးသည် ရန်ကုန်တက္ကသိုလ်နယ်မြေတွင် အဆောက်အအုံများ မဆောက်ခင်ကတည်းက မရမ်းပင်၊ သစ်တိုပင်၊ ပိန္နဲပင်၊ သရက်ပင်ကြီးများနှင့် အတူရှိခဲ့သည်။ တစ်ခါက တက္ကသိုလ်၏ ပညာသင်နှစ်နှင့် ဤသစ်ပုပ်ပင်၏ ဘဝသည် တူညီခဲ့သည်။ ဇွန်လမိုးဦးကျ ပညာသင်နှစ်အစတွင် တက္ကသိုလ်နယ်မြေ၌ ကျောင်းသားကျောင်းသူများ တဖြည်းဖြည်းစုံလင်သည်ထက် စုံလင်လာသကဲ့သို့ သစ်ပုပ်ပင်ကြီးတွင်လည်း အရွက်များစုံသည်ထက်စုံလာသည်။ စာမေးပွဲများ နီးကပ်လာသော ဒီဇင်ဘာလ၊ ဇန်နဝါရီလများရောက်သော် ဤသစ်ပုပ်ပင်ကြီးသည် သူ့အရွက်များကို တဖြည်းဖြည်းခြွေချခြင်းအားဖြင့် ကျောင်းသားများအား စာမေးပွဲရက်နီးသည်ထက် နီးလာပြီဖြစ်ကြောင်း သတိပေးလေတော့သည်။ သူ့အရွက်များ တဖွဲဖွဲကြွေနေသောအခါ ကျောင်းသားကျောင်းသူများသည် စာမေးပွဲအတွက် အပြင်းအထန်ကြိုးစားကြကုန်သည်။

အပင်ကြီးတွင် သစ်ရွက်များကုန်လေသော် တက္ကသိုလ်နွေရာသီကျောင်းပိတ်ပြီဖြစ်သဖြင့် ကျောင်းသားကျောင်းသူများအားလုံးသည် သစ်ရွက်များ အပင်ကြီးကို ဖယ်ခွာကြသကဲ့သို့ တက္ကသိုလ်နယ်မြေကို ဖယ်ခွာ၍ မိဘရပ်ထံသို့ ပြန်ကြတော့သည်။ နွေရာသီကုန်ဆုံး၍ မိုးဦးရာသီရောက်သည်နှင့်တစ်ပြိုင်နက် ဤသစ်ပုပ်ပင်ကြီး၌ သစ်ရွက်များ အစုံအလင်ထွက်ပြူလာသကဲ့သို့ တက္ကသိုလ်နယ်မြေတွင်လည်း စိန်ပန်းနီနီရဲရဲများနှင့်အတူ ကျောင်းသား ကျောင်းသူများလည်း ပြန်လည်စုဝေးရောက်ရှိလာကြကုန်သည်။ ဤသစ်ပုပ်ပင်ကြီးကား တက္ကသိုလ်နယ်မြေ၏ မဆုံးနိုင်သောသံသရာကို ပြနေလေသည်။

တက္ကသိုလ်၏ ဘဝသရုပ်ဖော်သစ်ပုပ်ပင်ကြီးပေတကားဟု စာရေးဆရာကြီး မြန်မာ့အသံ ဦးကျော်က ရေးသားခဲ့သည်ကို မှတ်သားခဲ့ရလေတော့သည်။



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျဒ်ဆင်ဘုရားရှိခိုးကျောင်း

ယခုအခါ ဤသစ်ပုပ်ပင်ကြီး၊ နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိသည့် ဤရွက်ကြွေပင်ကြီးသည် ရန်ကုန်တက္ကသိုလ်ထက်ပင် သက်တမ်းရင့်ပြီး တက္ကသိုလ်၏ အဓိကသင်္ကေတတစ်ခုဖြစ်သည့်အတွက် ရန်ကုန်မြို့ပြ အမွေအနှစ်အဖွဲ့က အပြာရောင်ကမ္ပည်းတင်၍ မှတ်တမ်းတင်ခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရသည်။

**ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းခန်းမ**

ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်အဆောက်အအုံများကို ဧက ၄၀၀ ရှိသော တက္ကသိုလ်နယ်မြေပေါ်၌ ဆောက်လုပ်ခဲ့သည်။ ပထမအသုတ် ဆောက်လုပ်သော အဆောက်အအုံများကို ခြောက်နှစ်အတွင်း အပြီးဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသည် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ယူစရာ တန်ဖိုးမဖြတ်နိုင်သော နေရာတစ်ခုဖြစ်ခဲ့လေတော့သည်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးသည် စိမ်းစိုလှပသော ပန်းပင်လေးများဖြင့် ပန်းသင့်ပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသည်ကို တွေ့မြင်ရပေတော့သည်။

**ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်**

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံအတွက် သူဌေး ရေးဗဟာဒူးဘွဲ့ရ အက်စ်ရာမာနာသာရေးဒီယာနှင့် ဇနီးများဖြစ်သော ပါဗာသီအယ်မယ် (ကွယ်လွန်)နှင့် နာလမ်မယ်လ်တို့က ငွေကျပ်နှစ်သိန်း လှူဒါန်းသည်။ ဤသို့ လှူဒါန်းခဲ့သည့်အတွက် အစိုးရက ထိုသူအား ဂုဏ်ထူးဆောင်ပါရဂူဒေါက်တာဘွဲ့ပေးအပ်ချီးမြှင့်ခဲ့သည်။

ဤအဆောက်အအုံကို တက္ကသိုလ်အဓိပတိမြန်မာပြည်ဘုရင်ခံ ဆာဟားကုတ်ဘတ္တလာက ၁၉၂၇ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အုတ်မြစ်ချခဲ့သည်။ ၁၉၃၀-၃၁ ခုနှစ်တွင် ဤအဆောက်အအုံကို ဆောက်လုပ်ပြီးစီးသော်လည်း စာကြည့်တိုက်လုပ်ငန်းများကို ၁၉၂၈ ခုနှစ်ကတည်းက စခဲ့သည်ဟု ဆိုနိုင်၏။

ကော်မတီတစ်ခုဖွဲ့၍ အလှူရှင်များ လှူဒါန်းသောစာအုပ်များလက်ခံခဲ့သည်။ တက္ကသိုလ်နယ်မြေတွင် ယူနီဗာစီတီကောလိပ်စာကြည့်တိုက်၊ ဂျဒ်ဆင်ကောလိပ်စာကြည့်တိုက်ဟူ၍ ထိုကောလိပ်များကို တည်ထောင်စဉ်ကပင် ရှိခဲ့ကြသည်။ ထိုကောလိပ်စာကြည့်တိုက်နှစ်တိုက်သည် ကောလိပ်၌ သင်ရိုးညွှန်းတမ်းအရ သင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအတွက်လည်းကောင်း၊ ပို့ချနေကြသော ဆရာများအတွက်လည်းကောင်း ရည်ရွယ်သည်ဟု သိခဲ့ရသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်ခဲ့သည်။ ထို့ကြောင့် ကျောင်းသုံး၊ ကျောင်းသင်စာအုပ်များကို သိပ်မဝယ်ဘဲ မြန်မာနိုင်ငံ၏ ကမ္ပည်းကျောက်စာ၊ သမိုင်း ယဉ်ကျေးမှု၊ ရှေးဟောင်းစာပေ၊ အနုပညာဆိုင်ရာ စာအုပ်များ၊ အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာအုပ်များကိုလည်းကောင်း၊ ပေ၊ ပုရပိုက်များ ကိုလည်းကောင်း ဝယ်ယူစုဆောင်းခဲ့သည်။

စာမျက်နှာ ၉ သို့ ❖



ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက နေထိုင်ခဲ့သော ပဲခူးဆောင်

✸ ဂျဒ်ဆင်ဘုရားရှိခိုးကျောင်းကို ၁၉၂၇-၃၀၊ ၁၉၃၁-၃၂ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ်၏ အဓိပတိအဖြစ် ဆောင်ရွက်သွားသော ဆာချားလ်စ် အလက်ဇင်းဒါး အင်းနစ် (Sir Charles Alexander Innes) က ၁၉၃၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် အုတ်မြစ်ချခဲ့

✸ မြေပြင်မှနေ၍ မျှော်စင်ထိပ်အထိ လှေကားထစ်ပေါင်း ၁၈၀ ရှိသည်။ ယခင်က ရန်ကုန်မြို့ရှိ မျှော်စင်ထဲ၌ အမြင့်ဆုံးမျှော်စင်ဖြစ်



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

❖ စာမျက်နှာ ၈ မှ

မြန်မာနိုင်ငံ၏ အိမ်နီးချင်းတိုင်းပြည်များ၏ ယဉ်ကျေးမှုကို လေ့လာရာတွင် အထောက်အပံ့ရစေရန်ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်စာအုပ်ဖိုးသက်သက် သုံးသောင်းကျော် သုံးစွဲခဲ့သည်ဟု သိရသည်။ ၁၉၄၀ ပြည့်နှစ်လောက်တွင် စာအုပ်ပေါင်း ၂၃၄၃၃ အုပ် ဝယ်ယူစုဆောင်းနိုင်ခဲ့သည်။ ထို စာအုပ်များသည် အလွန်ရှားပါး သော စာအုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ စာအုပ်များဖြစ်သည်။

**ရန်ကုန်တက္ကသိုလ်အတွင်းရှိ ပဲခူးဆောင်**

ပဲခူးဆောင်ကို ၁၉၂၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသည်ဟု သိရသည်။ မြန်မာ့သမိုင်းမှ ဥဿပဲခူးကို ရည်ညွှန်းမှည့်ခေါ်ခြင်းဖြစ်သည်။ ဆောက်လုပ်ပြီးချိန်ကတည်းက ကျောင်းဆောင်အဖြစ် အမြဲတမ်းအသုံးပြုခဲ့သည်။ ပဲခူးကျောင်းဆောင်တွင် အောက်ပါပုဂ္ဂိုလ်များ ဆရာအဖြစ် အမှုထမ်းခဲ့သည်ကိုလည်း မှတ်တမ်းများအရ သိရှိရသည်-

**၁၉၂၈ – ၂၉ ဗိုလ်မှူးချုပ်မောင်မောင်ကျော်ဝင်း၊**
**အဆောင်နည်းပြဆရာ၊**
**၁၉၂၉ – ၃၀ ဦးသိန်းဟန် (ဇော်ဂျီ)၊**
**အဆောင်နည်းပြဆရာ၊**
**၁၉၃၄ – ၃၅ ဦးဝန်(မင်းသုဝဏ်)၊**
**အဆောင်နည်းပြဆရာ၊**
**ဝန်ကြီးချုပ်အကြံပေးအရာရှိဟောင်း ဦးအုံး၊**
**အဆောင်နည်းပြဆရာ၊**
**၁၉၃၅ – ၃၆ ပါရဂူဦးလှအောင်၊ အဆောင်မှူး၊**
**၁၉၅၃ – ၅၉ ဦးကျော်ရင်**
**(ကွယ်လွန်သူမန်းတက္ကသိုလ်ပါမောက္ခချုပ်)**
**အဆောင်မှူး။**

ကျောင်းသားဘဝက အောက်ပါပုဂ္ဂိုလ်များ နေထိုင်ခဲ့ကြသည်ကို မှတ်တမ်းများအရ သိရှိခဲ့ရသည် –

၁၉၂၈–၂၉ ဦးသိန်းဟန် (ဇော်ဂျီ)၊ အင်္ဂလိပ်စာပါမောက္ခ ဦးမျိုးမင်း၊ ၁၉၂၉–၃၀ ဦးဝန်(မင်းသုဝဏ်)၊ ၁၉၃၄–၃၅ ဗိုလ်မှူးကြီးဘာဘာ (ရေ)၊ ဗိုလ်မှူးကြီးမောင်မောင်ရှင် (လေ)၊ ဦးလှရွှေ (မန်းတက္ကသိုလ်ပါမောက္ခချုပ်)၊ သမိုင်းပါမောက္ခ ဦးတင်အုံး၊ ဝန်ကြီးချုပ်ဟောင်း ဦးနု၊ လက်ရွေးစင်ဘောလုံးသမား မောင်ဝင်း (အဆောင်သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌ)၊ သံအမတ်ကြီး ဦးလှမောင်၊ သံအမတ်ကြီး ဦးဖေခင်၊ ၁၉၃၆–၃၇ ဗိုလ်ချုပ်အောင်ဆန်း (သဟာယနှင့်စာဖတ်အသင်းဥက္ကဋ္ဌ)၊ မန်းတက္ကသိုလ် ပါမောက္ခချုပ် ဦးလှရွှေ၊ အတွင်းဝန် ဦးထွန်းရှိန်၊ ၁၉၃၉–၄၀ ဦးထွန်းတင် (မန်းတင်)၊ တက္ကသိုလ်ထင်ကြီး၊ ၁၉၄၀–၄၁ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီးမောင်ရွှေ၊ ဗိုလ်စိုးမောင် (ဗ.က.ပ) ရုပ်ရှင်ဒါရိုက်တာဗိုလ်ဇကို၊ ၁၉၄၇–၄၈ တက္ကသိုလ်နန္ဒမိတ်။

ယခုအခါ ဗိုလ်ချုပ်အောင်ဆန်းကျောင်းသားဘဝက နေထိုင်ခဲ့သော ပဲခူးဆောင် အခန်းနံပါတ် ၁၁၃ ၌ ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သည့် ခုတင်၊ စားပွဲ၊ ဗီရို၊ သေတ္တာ၊ ဆောင်းခဲ့သောထီး၊ မှတ်တမ်းဓာတ်ပုံများကို တွေ့ရှိခဲ့ရသည်။


**အဓိပတိလမ်း**

ရန်ကုန်တက္ကသိုလ်၏ အထင်ကရနေရာများတွင် အဓိပတိလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ စာရေးဆရာကြီးများ၊ နိုင်ငံတော်အဆိုတော်ကြီးများကလည်း ရန်ကုန်တက္ကသိုလ်နှင့်စပ်လျဉ်း၍ စာများ၊ တေးသီချင်းများရေးဖွဲ့ရာတွင် အဓိပတိလမ်း အကြောင်းသည်လည်း မပါမဖြစ် ပါရှိခဲ့ရလေတော့သည်။ အဓိပတိလမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် ပင်းယဆောင်၊ သထုံဆောင်၊ ပဲခူးဆောင်၊ မန္တလေးဆောင်တို့ တည်ရှိပြီး ခရေ၊ ပိတောက်၊ စိန်ပန်း၊ သစ်ပုပ်ပင်များကလည်း ကျောင်းသား ကျောင်းသူများအတွက် အရိပ်ရစေရုံသာမက စိတ်ကိုလည်း ကြည်နူးလန်းဆန်းစေပါသည်။


အဓိပတိလမ်းမကြီး အရှေ့တည့်တည့်တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအား တွေ့မြင်ရသည့်အတွက် ကျောင်းသား ကျောင်းသူများအတွက် ရင်ခုန်စိတ်လှုပ်ရှားစေပါသည်။ အဓိပတိလမ်းမနှင့် တွဲဖက်၍ စစ်ကိုင်းလမ်း၊ ဂျဒ်ဆင်လမ်းတို့သည်လည်း ကျောင်းသား ကျောင်းသူများအား ဆွဲဆောင်ရာနေရာ တစ်ခုဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အတွက် မှတ်စု၊ မှတ်တမ်းများ လေ့လာရင်း၊ ဓာတ်ပုံများလှည့်လည် ရိုက်ကူးရင်း တစ်ခါတုန်းက သူငယ်ချင်းများနှင့် အပူအပင်ကင်းစွာ ပျော်ရွှင်ခဲ့ကြသည်များကို မြင်ယောင်တမ်းတမိရင်း ......။

**အဓိပတိလမ်းဘေး ဝဲ၊ ယာတစ်လျှောက်တွင် ပင်းယဆောင်၊ သထုံဆောင်၊ ပဲခူးဆောင်၊ မန္တလေးဆောင်တို့ တည်ရှိပြီး ခရေ၊ ပိတောက်၊ စိန်ပန်း၊ သစ်ပုပ်ပင်များကလည်း ကျောင်းသား ကျောင်းသူများအတွက် အရိပ်ရစေရုံ သာမက စိတ်ကိုလည်း ကြည်နူးလန်းဆန်းစေ**



ရန်ကုန်တက္ကသိုလ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် အဓိပတိလမ်း



နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ ရန်ကုန်တက္ကသိုလ်အတွင်းမှ သစ်ပုပ်ပင်ကြီး

# အိမ်ခြံမြေဆောက်လုပ်မှုဆိုင်ရာ ဆုများချီးမြှင့်ပေးအပ်ပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာ့အိမ်ခြံမြေလုပ်ငန်း၊ အရည်အသွေး၊ ဒီဇိုင်း၊ နေထိုင်မှုပုံစံများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အိမ်ခြံမြေဆောက်လုပ်မှုဆိုင်ရာ ဆုများချီးမြှင့်ခြင်း အခမ်းအနားတစ်ရပ်ဖြစ်သည့် 2019 Myanmar National Real Estate Awards ကို အောက်တိုဘာ ၄ ရက် ညပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပဆုချီးမြှင့် ရေးအကဲဖြတ် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ဆုရကုမ္ပဏီများ တက်ရောက်ကြသည်။

"ကျွန်တော်တို့အနေနဲ့ ဒီဆုပေးပွဲကြီးမှာ အဆောက်အအုံဆောက်လုပ်မှုဆိုင်ရာ ဆု လေးဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဈေးနဲ့အိမ်ရာဆိုင်ရာ အဆောက်အအုံတွေကို အရည်အသွေးမီ အကောင်းဆုံးဆောက်လုပ်ပေးခဲ့တဲ့အတွက် ယခုလို ဆုတွေဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ဂမုန်းပွင့်ကုမ္ပဏီ၏ ညီနောင်ကုမ္ပဏီဖြစ်သော GMP ကုမ္ပဏီဒါရိုက်တာ Mr.Yatsaton Kijkuso ကပြောသည်။

အဆိုပါကုမ္ပဏီက မင်္ဂလာဒုံစက်မှုဇုန်ရှိ စွယ်တော်စီးတီးနှင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြား၌ တည်ဆောက်လျက်ရှိသော ရန်ကုန်မြို့၏အကြီးဆုံးနှင့် အဆင့်အမြင့်ဆုံးလက်ကားဈေးကြီး (GMP MALL) ဆောက်လုပ်မှုအတွက် တစ်နှစ်တာအတွက် အကောင်းဆုံးဆုများအပါအဝင် စုစုပေါင်းဆု လေးဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် GMP MALL လက်ကား ဈေးသစ်ကြီးသည် ယာဉ်စီးရေ ၇၀၀ ရပ်နားနိုင်သော ကားပါကင်၊ ကုန်တင်ကုန်ချပြုလုပ်နိုင်သော ဓာတ်လှေကား ၁၀ စင်း၊ စားသောက်ဆိုင် ၄၀၊ လေအေးပေးစက်များတပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါ အိမ်ခြံမြေအဆောက်အအုံများဆောက်လုပ်မှုဆိုင်ရာ ဆုပေးပွဲတွင် အကောင်းဆုံးတီထွင်ဆန်းသစ်မှုဆိုင်ရာဆု၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဝန်ဆောင်မှုအကောင်းဆုံးအခန်း ဆောက်လုပ်ခြင်း၊ အကောင်းဆုံးလက်ကားဈေး တည်ဆောက်ခြင်းများ အပါအဝင် ဆောက်လုပ်ခြင်းတို့အတွက် ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ပြည်တွင်း ပြည်ပပညာရှင် ၁၀ ဦးက စိစစ်အကဲဖြတ်ရွေးချယ်ကာ ဆုများချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



လက်ရွေးစင် (ခ) တိုက်စစ်မှူး မျိုးလှိုင်ဝင်း ပယ်နယ်တီ ကန်သွင်းနေစဉ်။

# မကာအို သက်ကြီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၆**

နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပမည့် (၁၉)ကြိမ်မြောက် မကာအို သက်ကြီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

(၁၉)ကြိမ်မြောက် မကာအို သက်ကြီးဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲစည်းမျဉ်းအရ အသက် ၄၀ နှစ်အထက် ကိုးသမား နှစ်ဦး၊ အသက် ၄၀ မှ ၄၄ နှစ်အကြား ခြောက်ဦး၊ အသက် ၄၅ နှစ်မှ ၄၉ နှစ်အကြား ခြောက်ဦး၊ အသက် ၅၀ နှစ်အထက် ကစားသမား ရှစ်ဦး၊ စုစုပေါင်း ၂၂ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး အုပ်ချုပ်/နည်းပြကိုလည်း ယင်းကစားသမားများအနက် ရွေးချယ်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဟောင်းများ အသင်းတွင် ငွေခေတ်ဘောလုံးသမားဟောင်းများဖြစ်သည့် မျိုးလှိုင်ဝင်း၊ ကြည်လွင်၊ ဝင်းအောင်၊ စိုးမိုးကျော်၊ သန်းဝေတို့ အပါအဝင် မင်းသူ၊ အောင်ကျော်ထွန်း၊ မောင်မောင်ဌေး၊ အောင်ကျော်မိုး၊ စည်သူဝင်း စသည့် ကစားသမားများ ပါဝင်ခဲ့သည်။

ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းဖွဲ့စည်းရန် အောက်တိုဘာ ၆ ရက် ညနေပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ လူရွေးပွဲ ကျင်းပခဲ့သည်။ ယင်းလူရွေးပွဲတွင် လက်ရွေးစင်ဟောင်းများအသင်းကို (က)နှင့် (ခ)နှစ်သင်းခွဲ၍ ဖွဲ့စည်းခဲ့ပြီး EPC အသင်း၊ စိန်ပေါလ်ကျောင်းအသင်းတို့ဖြင့် လူရွေးပွဲ ကျင်းပခဲ့သည်။ လူရွေးပွဲကို ဆီမီးဖိုင်နယ်ပုံစံဖြင့် ကျင်းပခဲ့ပြီး ဆီမီးဖိုင်နယ်တွင် လက်ရွေးစင်ဟောင်း (က)အသင်းက စိန်ပေါလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လက်ရွေးစင်ဟောင်း(ခ)အသင်းက EPC အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရွေးစင်ဟောင်း(ခ)နှင့် EPC တို့ပွဲတွင် နှစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ လက်ရွေးစင်ဟောင်း(ခ)အသင်းက လေးဂိုး-သုံးဂိုး၊ စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် လက်ရွေးစင်ဟောင်း(က)အသင်းနှင့် (ခ)အသင်းတို့ တွေ့ဆုံခဲ့ပြီး တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ (က) အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ တတိယနေရာလုပွဲတွင် EPC အသင်းက စိန်ပေါလ်အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

လူရွေးပွဲကစားခဲ့သည့် လက်ရွေးစင်ဟောင်းများ (က) အသင်းတွင် မျိုးသန်းဦး(ဂိုး)၊ မင်းသူ၊ ထွန်းမြင့်လွင်၊ မောင်မောင်မြင့်၊ မင်းကြည်၊ ကျော်မင်း၊ နေလင်း၊ မိုးကျော်၊ အောင်ကျော်ထွန်း၊ မြင့်ကို၊ မောင်မောင်ဌေး၊ ထွန်းထွန်းထက်၊ စိုးမိုးကျော်၊ ဝင်းအောင်၊ သိန်းဇံ၊ ဇော်ဝင်းနိုင်(ဂိုး)၊ စိုးနိုင်၊ ချိုလာ၊ ကြည်လွင်၊ (ခ)အသင်းတွင် ယဉ်မင်းအောင်(ဂိုး)၊ ဟန်လင်း(ဂိုး)၊ ဇော်မင်း၊ ဇော်လေးအောင်၊ ဟန်ထွန်း၊ မောင်မောင်ကြီး၊ မောင်မောင်ဦး၊ အောင်မျိုး၊ ကျော်မျိုးဟန်၊ ဌေးလွင်၊ မျိုးလှိုင်ဝင်း၊ အောင်ကျော်မိုး၊ သန်းဝေ၊ ဌေးမြင့်၊ စည်သူဝင်း၊ မြင့်သိန်းတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းသည် ယင်းပြိုင်ပွဲအတွက် ကစားသမားများ ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

○ **ကျောဖုံးမှ**

ဆောင်ရွက်ပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြမှုကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

"ယာဉ်ပိုင်ရှင်က ဒီကားဟောင်းကြီးတစ်စီးကို သူ့အနေနဲ့ ညီညွတ်မျှတတဲ့ တန်ရာတန်ကြေးရဖို့ အဲဒီရတဲ့ငွေနဲ့ ကုမ္ပဏီမှာ ရှယ်ယာဝင်လို့ရမယ်။ ဒါ သူ့ကို ရင်းနှီးမြှုပ်နှံဖို့အတွက် လမ်းကြောင်းဖော်ပေးတာ၊ တကယ်လို့ မဝင်ချင်တော့ဘူးဆိုရင်လည်း ညီညွတ်မျှတတဲ့ ယာဉ်အတွက် တန်ရာတန်ကြေးတစ်ခု သူ့ကိုရအောင် စီမံဆောင်ရွက်ပေးတာ၊ ဒါ့ကြောင့် အပ်နှံခွင့်ပေးတာတောင် အထူးကိစ္စတစ်ရပ်အနေနဲ့ အပ်နှံခွင့်ပေးတာဖြစ်ပါတယ်" ဟု ဦးလှအောင်က ဆက်ပြောသည်။

**အဆင်ပြေ**

ထိုသို့ အပ်နှံခွင့်ပေးခြင်းဖြင့် လုပ်ငန်းခွင်မဝင်နိုင်သည့် မြေစိုက်နေသော ယာဉ်များ၏ ပိုင်ရှင်များအတွက် အဆင်ပြေကြောင်း Power Eleven အများပိုင်ယာဉ်လိုင်းကော်မတီမှ မန်နေဂျင်းဒါရိုက်တာ ကိုတရုတ်လေးက ပြောသည်။

အဆိုပါ အပ်နှံခွင့်နှင့်ပတ်သက်၍လည်း ယာဉ်လိုင်းများကို အသိပေးပြီးဖြစ်ပြီး လက်ရှိ စာရင်းများအရ ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကား YBS အစီးရေမှာ ၇၀၀ ကျော်ရှိကြောင်း သိရသည်။

ထိုသို့ ဘတ်စ်ကားများ အပ်နှံ၍ လူစီးယာဉ်တင်သွင်းမည်ဆိုပါက ယင်းဘတ်စ်ကားရှိ သဘာဝဓာတ်ငွေ့(CNG) များကို ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။

**CNG ကို ပြန်လည်အပ်နှံ**

"CNG သည် ခရီးသွားပြည်သူလူထု သယ်ယူပို့ဆောင်ရေးအတွက် ပေးထားတာပါ။ အခု ၁၉၉၉-၂၀၀၃ ခုနှစ် အပ်လို့ လူစီးယာဉ်တင်သွင်းခွင့်ရတဲ့အတွက် အဲဒီယာဉ်တွေအားလုံးသည် CNG ကို ပြန်လည်အပ်နှံခဲ့ရမှာ ဖြစ်ပါတယ်။ ခရီးသွားပြည်သူလူထု သယ်ယူပို့ဆောင်ရေး မဟုတ်တဲ့ဟာ ပြောင်းလဲသွားလို့ရှိရင် အဲဒီယာဉ်တွေအားလုံးသည် CNG အပ်ရပါမယ်" ဟု ဦးလှအောင်က ပြောသည်။

ပြည်ထောင်စုအစိုးရအနေဖြင့် ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုကို ၂၀၁၁ ခုနှစ်မှစ၍ အပ်နှံခွင့်ပြုထားသော်လည်း ယနေ့အချိန်ထိ ၁၉၉၉ ခုနှစ် ကားများသာ အပ်နှံခွင့်ရရှိသေးကြောင်း၊ ထိုသို့ အပ်နှံရာတွင်လည်း ဘက်စ်ကားအပ်နှံလျှင် ဘက်စ်ကားတင်သွင်းခွင့်၊ ထရပ်ကားအပ်နှံလျှင် ထရပ်ကားတင်သွင်းခွင့်၊ လူစီးယာဉ်အပ်နှံလျှင် လူစီးယာဉ်တင်သွင်းခွင့်ပေးသည့်စနစ်ဖြင့် နှစ် ၂၀ အခြေခံသည့်ယာဉ်များ ယာဉ်အိုယာဉ်ဟောင်း အပ်နှံခြင်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

✻ **ကာဂျစ္စတန်မှ**

ကျရောက်နေပြီး နှစ်ပွဲကစား နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မွန်ဂိုလီးယားအသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာအသင်းနှင့် ယှဉ်ပြိုင်ရမည့် ကာဂျစ္စတန်အသင်းသည် တစ်ပွဲကစား တစ်ပွဲရှုံးထားပြီး နှစ်သင်းစလုံး ပထမဆုံး အမှတ်ရယူနိုင်ရန် ကြိုးပမ်းရမည့်ပွဲလည်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၆ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာဂျစ္စတန်နိုင်ငံသို့ ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၀ ရက် မြန်မာစံတော်ချိန် ည ၉ နာရီတွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

# မြန်မာ ယူ-၁၉ အမျိုးသားအသင်း အာရှခြေစစ်ပွဲအကြို တောင်ကြီးမြို့၌ ကာလတိုလေ့ကျင့်

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသားအသင်းသည် တောင်ကြီးမြို့၌ အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိ ကာလတို လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**အပြီးသတ်ပြင်ဆင်သွားမည်**

မြန်မာ ယူ-၁၉ အသင်းသည် တရုတ်တိုင်ပေ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် ကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး အောက်တိုဘာလနောက်ဆုံးပတ်တွင် ခြေစမ်းပွဲထပ်မံကစားရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၁၁ ရက်အထိ တောင်ကြီးမြို့၌ လေ့ကျင့်မည်ဖြစ်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပါက အာရှခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၅ ရက်တွင် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၌ ကျင်းပသည့် We Are One Cup ဘောလုံးပြိုင်ပွဲ Grand Final မတိုင်မီ အထူးခြေစမ်းပွဲ လာရောက်ကစားခြင်းဖြစ်ပြီး ယင်းပွဲအပြီးတွင် ဆက်လက်နေထိုင်ကာ လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစမ်းပွဲအဖြစ် ရှမ်းပြည်နယ် Old Star အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုးပြတ်အနိုင်ရခဲ့ပြီး ဂိုးများကို ပြည့်ဖြိုးအောင်၊ သူရအောင်နှင့် ရန်နိုင်လင်းတို့က သွင်းယူပေးခဲ့သည်။

**ရှိုင်းထက်ဇော်**

❂ **တိုင်းဒေသကြီးမှ**

တတိယ သိမ့်သိမ့်မျိုး(မကွေး)၊ အမျိုးသမီး (၈၇)ကီလိုတန်းပြိုင်ပွဲတွင် ပထမ သင်းသင်းစိုး(စစ်ကိုင်း)၊ ဒုတိယ နှင်းနှင်းယု(မွန်)၊ အမျိုးသား(၁၀၂)ကီလိုတန်းပြိုင်ပွဲတွင် ပထမ အောင်မင်းခန့်(ရန်ကုန်)၊ ဒုတိယ ရှိုင်းကိုကို(ဧရာဝတီ)၊ တတိယ ရဲနန္ဒ(ရှမ်း)၊ အမျိုးသား(+၁၀၉)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ရန်မျိုးကျော်(မန္တလေး)၊ ဒုတိယ စိုးအောင်မော်(ပဲခူး)၊ တတိယ ဘုန်းမြတ်ငြိမ်း(မကွေး)တို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသမီး(၆၄)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဝေဝေလှိုင်(မကွေး)၊ ဒုတိယ ဆုမြတ်မွန်(ရန်ကုန်)၊ တတိယ အေးငြိမ်းသူ(မကွေး) တို့အား မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမင်းစိုးက လည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆု ရရှိသွားသော(၅၅)ကီလိုတန်းမှ ပြည့်ပြည့်ဖြိုး(မကွေး)၊ အမျိုးသားအကောင်းဆုံးအားကစားသမားဆု ရရှိသွားသော (၆၁)ကီလိုတန်းမှ သီဟအောင်(မန္တလေး)တို့အား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥက္ကါအေးက ဆုများပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသွားသော မကွေးတိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လည်းကောင်း၊ ဆက်လက်၍ ရမှတ်(၄၄၉)မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသွားသော မကွေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသား(+၁၀၉)ကီလိုတန်းပြိုင်ပွဲတွင် နှစ်ဆင့်မ စံချိန် မြန်မာပြည်စံချိန် (၁၈၀) ကီလိုကို ကျော်လွန်၍ (၁၈၁)ကီလိုဖြင့် လည်းကောင်း၊ စုစုပေါင်းမြန်မာပြည် သတ်မှတ်စံချိန် (၃၁၇)ကီလိုကို ကျော်လွန်၍ (၃၂၁)ကီလိုဖြင့် စုစုပေါင်းမြန်မာပြည်စံချိန်သစ်တင်သွားသော ရန်မျိုးကျော်(မန္တလေး)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

**အား/ကာ**

# ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု

**(ယမန်နေ့မှ အဆက်)**

မျိုးစေ့ထုတ်စိုက်ခင်းများအနေဖြင့် ဆောင်းမြေပဲ (၁၃)ဧက၊ မတ်ပဲ(၆)ဧက၊ နွေစပါး(၂၅)ဧက၊ မိုးစပါး (၆၀၂) ဧက ဆောင်ရွက်ပြီး ဖြစ်ပါသည်။

မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးခြင်း အနေဖြင့် နွေစပါး(၁၉၈.၅)တင်း၊ မတ်ပဲ(၈၃.၅)တင်း၊ မြေပဲ(၃၄၄၁)တင်း၊ ပဲတီစိမ်း(၈၅)တင်း၊ မိုးစပါး (၄၁၀၉၂.၅)တင်း ဖြန့်ဖြူးပေးခဲ့ပါသည်။

မျိုးသန့်စိုက်ပျိုးရေးဇုန် ထူထောင်ခြင်းအနေဖြင့် မြေပဲစိုက်ပျိုးရေးဇုန် (၅၆၅.၅)ဧက၊ ဘိုကိတ်စိုက်ပျိုးရေးဇုန်(၆၀)ဧက၊ ဆီမုန်ညင်းစိုက်ပျိုးရေးဇုန်(၁၅၀) ဧကနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန် (၉၀) ဧက၊ မိုးစပါး (၃၀၂၅)ဧကဇုန် တည်ထောင်ခဲ့ပါသည်။

ဌာနပိုင်စက်ယန္တရားများဖြင့် နွေစပါး(၅၀၁)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ဌာနပိုင်ရိတ်သိမ်း ခြွေလှေ့စက်များဖြင့် နွေစပါး(၁၀၅)ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး နွေစပါး(၇၃၈၀) တင်း ရရှိခဲ့ပါသည်။

နည်းပညာပေးစံပြကွက်များအနေဖြင့် နွေးစပါး စံပြကွက် (၆၄)ဧက၊ နွေစပါး(စပါးအစွမ်းဖွင့် စိုက်နည်းစနစ်)(System of Rice Intensification– SRI) စံပြကွက် (၁၆)ဧက၊ ဆောင်းမြေပဲစံပြကွက်(၉၃)ဧက၊ မတ်ပဲ စံပြကွက် (၂၈)ဧက၊ နေကြာစံပြကွက် (၅)ဧက၊ ပဲတီစိမ်း စံပြကွက် (၂၅)ဧက၊ မိုးစပါး (Box စနစ်ဖြင့် စိုက်ပျိုးခြင်း) (Raised Bed)(၃၃၅)ဧက၊ မိုးစပါး(စပါးအစွမ်းဖွင့် စိုက်နည်းစနစ်) (System of Rice Intensification– SRI) (၄၇)ဧက၊ မိုးစပါး(တိုက်ရိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးခြင်း)(Seeder) (၁၈၇)ဧကနှင့် မိုးစပါး(စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ) (Good Agricultural Practices– GAP)(၈၈)ဧက ဆောင်ရွက်ခဲ့ပါသည်။



မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင် များအား စစ်ဆေးခြင်း

သုတေသနစမ်းသပ်ကွက်များအနေဖြင့် ဆောင်းမြေပဲ (စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရန် ပေးသော မျိုးဖြင့် စိုက်ပျိုးခြင်း) (Department of Agriculture Research–DAR) စမ်းသပ်ကွက် (၁)ကွက်၊ နွေစပါးစိုက်နည်း စမ်းသပ်ကွက်(၂)ကွက်၊ မိုးစပါးနည်းစနစ်စမ်းသပ်ကွက်(၁၆) ကွက်၊ မိုးစပါးသီးနှံပုံစံ စမ်းသပ်ကွက်(၃၀)ကွက်နှင့် မိုးစပါး (စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရန်ပေးသော မျိုးဖြင့် စိုက်ပျိုးခြင်း) (Department of Agriculture Research–DAR) စမ်းသပ်ကွက်(၁၇)ကွက် ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး–၅၁၁၄၁၆ ဧက၊ နှမ်း–၃၃၇၇ဧက၊ မြေပဲ–၁၇၃၇ ဧက၊ ချက်ကြံရင့်–၆၅ ဧက၊ ပဲစင်းငုံ– ၇၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

မြေဩဇာအရောင်းဆိုင်စစ်ဆေးခြင်း(၁၄၅)ကြိမ်၊ ပိုးသတ်ဆေးအရောင်းဆိုင်စစ်ဆေးခြင်း(၁၄၅)ကြိမ်၊ မျိုးစေ့ အရောင်းဆိုင်စစ်ဆေးခြင်း (၃၀)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

### စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်း

တောင်သူပညာပေးသင်တန်း (၁၁၈)ကြိမ်ဖြင့် သင်တန်းသား(၄၄၃၃)ဦး၊ သင်တန်းသူ(၁၈၄၆)ဦး စုစုပေါင်း (၆၂၇၉)ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးဆိုင်ရာဝန်ထမ်းစွမ်းဆောင်ရည်မြှင့် သင်တန်း(၆၃)ကြိမ်ဖြင့် သင်တန်းသား(၉၁၂)ဦး၊ သင်တန်းသူ (၄၄၃)ဦး စုစုပေါင်း(၁၃၅၅)ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။

စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း (၁)ကြိမ်ကို သင်တန်းသား(၃၀)ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် မိုးချေးငွေ(၇၂၀၀၃.၆၀၀)သန်းကို မြို့နယ်(၁၇)မြို့နယ်မှ တောင်သူများသို့ ထုတ်ချေးခဲ့ပါသည်။

မြေနှင့်အဆောက်အဦအာမခံယူ၍ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင် (၁၀၂)ဦးသို့ ချေးငွေကျပ်(၃.၁၃၈) ဘီလီယံ ထုတ်ချေးခဲ့ပါသည်။

(၃)နှစ်၊ (၅)နှစ်သက်တမ်းရှိသော ချေးငွေများကို (၉ %)အတိုးဖြင့် ထုတ်ချေးလျက်ရှိရာ တောင်သူ လယ်သမားလုပ်ငန်းရှင်(၁၀)ဦးသို့ ကျပ်(၃၈.၉၀၀)သန်း ထုတ်ချေးခဲ့ပါသည်။



တောင်သူပညာပေးဆွေးနွေးပွဲ၊ မြေပုံမြို့နယ်

တောင်သူ(၁)ဦးအား ဆန်စက်(၁)လုံးအတွက် ကျပ်သန်း (၅၀.၀၀) ထုတ်ချေးခဲ့ပါသည်။

မိုးစပါးပြကွင်း(၂၅)ကြိမ်၊ နွေစပါးပြကွင်း(၅)ကြိမ်၊ ဆောင်းသီးနှံ(၁)ကြိမ်၊ မြေဩဇာပြုလုပ်သုံးစွဲနည်း (၃)ကြိမ် ပြုလုပ်ခဲ့ပါသည်။

စိုက်ပျိုးရေးနည်းပညာဆိုင်ရာပညာပေးစာစောင် (၁၆၇၃၆)စောင် ဖြန့်ဝေပေးခဲ့ပါသည်။

### ဆည်မြောင်း၊ တာတမံများ ပြုပြင်တည်ဆောက်ခြင်း

ရခိုင်ပြည်နယ်တွင် အစီရင်ခံသည့်ကာလအတွင်း ဆည်မြောင်း၊ တာတမံများ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း (၁၃၈)ခုအနက် (၆၃)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။



ပုဏ္ဏားကျွန်းမြို့နယ်တွင် ယိုးတရုပ်လျှိုပိတ်ဆည် တည်ဆောက်ပြီးစီးခြင်း



မင်းပြားမြို့နယ်တွင် ကွန်ကရစ်ရေတံခါး (၂)လုံး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်း

ရေစီးကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ကျောက်တော် အပေါက်ဝရေလမ်း ကောင်းမွန်ရေး | ၉၃ % |
| ၂ | သံတွဲချောင်းရေလမ်းကောင်းမွန်ရေး | ၁၀၀ % |
| ၃ | တောင်ကုတ်မြို့၊ ကိုင်းရှည်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၈၈ % |
| ၄ | သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၅ | သံတွဲမြို့နယ်၊ ရွှေလှေ–ပေါက်တော ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၇၈ % |
| ၆ | ဂွမြို့၊ ကမ်းနားလမ်း၊ ကမ်းပြို ကာကွယ်ရေး | ၁၀၀% |
| ၇ | မာန်အောင်မြို့နယ်၊ မျှော်တော်ဦးနှင့် ပြားကြီးကျေးရွာကြား ကမ်းပြို ကာကွယ်ရေး | ၁၀၀% |
| | မာန်အောင်မြို့နယ်၊ရေမျက်ဝကျေးရွာ၊ ကမ်းပြိုကာကွယ်ရေး | |
| ၈ | အမ်းမြို့နယ်၊ သာလူမော်ကျေးရွာ၊ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၉ | စစ်တွေမြို့နယ်၊ သင်ပုန်းတန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၁၀ | မင်းပြားမြို့၊ ပြည်တော်သာရပ်ကွက်၊ကမ်းပြိုကာကွယ်ရေး | ၁၀၀% |

### သစ်တောပြုစုထိန်းသိမ်းခြင်း

အစီရင်ခံသည့်ကာလအတွင်း သစ်တောပြုစုထိန်းသိမ်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည် –



ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း



ပင်ကျပ်နုတ်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း

- ❍ ဓမ္မတာမျိုးဆက်ခြင်း (၁၀၇၅) ဧက
- ❍ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (၁၅၀) ဧက
- ❍ စီးပွားရေးစိုက်ခင်းတည်ထောင်ခြင်း (၄၂၅) ဧက
- ❍ ဒီရေတောစိုက်ခင်း (၃၀၀) ဧက
- ❍ ကျေးရွာထင်းစိုက်ခင်း (၂၂၅) ဧက
- ❍ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း (၆) ဧက
- ❍ ပင်ကျပ်နုတ်ခြင်း (၁၀၀၀) ဧက
- ❍ ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း ( ၁၅၀) ဧက
- ❍ ဒေသခံအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း (၁၀) ဧက
- ❍ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (၄၀) ဧက
- ❍ သစ်မျိုးသန့်ဥယျာဉ်နှင့် သစ်စေ့ထုတ်ဧရိယာတည်ထောင်ခြင်း (၁၅) ဧက
- ❍ စီးပွားရေးစိုက်ခင်းဟောင်းများ ပြုစုထိန်းသိမ်းခြင်း (၁၀၀) ဧက
- ❍ လူထုဖြန့်ပျိုးပင် ဖြန့်ဝေစိုက်ပျိုးခြင်း (၃၉၀၀၀၀)ပင်
- ❍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ (၆၄)ကြိမ်
- ❍ ကွင်းဆင်းစစ်ဆေးခြင်း (၂၆)ကြိမ် ပြုလုပ်ခဲ့ပါသည်။

## နိုင်ငံသားဖြစ်မှု





မောင်တောခရိုင်အတွင်း NV Card ထုတ်ပေးမှုမှတ်တမ်းများ

(ဆက်လက်ဖော်ပြပါမည်)

# တရုတ်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်မှု နှစ် (၇၀) ပြည့်ပြီ

**ပေကျင်း အောက်တိုဘာ ၆**

တရုတ်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံသံတမန် ဆက်ဆံရေးတည်ထောင်မှု နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးမြှင့်တင်သည့် အနေဖြင့် ကြေးနန်းများ အပြန်အလှန်ပေးပို့ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့ ချစ်ကြည်ရေးကြေးနန်းများ အပြန်အလှန်ပေးပို့ခဲ့ခြင်းကို တရုတ်နိုင်ငံပိုင်သတင်းဌာန ဆင်ဟွာက သတင်းထုတ်လွှင့်ခဲ့သည်။

ခေါင်းဆောင် နှစ်ဦးသည် ယခုနှစ်အတွင်း ငါးကြိမ်ခန့် တွေ့ဆုံခဲ့သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းတွင်စေခဲ့ကြောင်းနှင့် အနာဂတ်တွင်လည်း ဆက်လက်ကောင်းမွန်စေရန် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က သူ၏ ကြေးနန်းတွင် ထည့်သွင်းရေးသားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကလည်း နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရေးသားခဲ့သည်။ ထို့ပြင် ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးအပြင် ကမ္ဘာ့ရေးရာကိစ္စရပ်များအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကင်ဂျုံအန်က ရေးသားခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် အမေရိကန်နှင့် နျူကလီးယားကင်းစင်ပပျောက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများရပ်တန့်လျက်ရှိစဉ် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်မှု နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ခေါင်းဆောင်များက ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်





# အာဖဂန်နစ္စတန်မြောက်ပိုင်း ကွမ်ဒုဇ်ပြည်နယ်၌ တိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင် သုံးဦး အပါအဝင် ကိုးဦးသေဆုံး

**ကဘူး အောက်တိုဘာ ၆**

အာဖဂန်နစ္စတန်မြောက်ပိုင်းရှိ ကွမ်ဒုဇ်ပြည်နယ် ကွာလာအီဇဲလ်ခရိုင်တွင် အောက်တိုဘာ ၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သောင်းကျန်းသူများ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦးနှင့် သောင်းကျန်းသူ ခြောက်ဦးတို့ သေဆုံးခဲ့ကြောင်း ပြည်နယ်ကောင်စီအကြီးအကဲ မိုဟာမက် ယူဆွတ်ဖ်အာယူဘီက ပြောကြားသည်။



အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် အက္ကီတီပါဒေသရှိ ကွာလာအီဇဲလ်ခရိုင် ရဲတပ်ဖွဲ့ဌာနချုပ်၏ ပြည်ပ လုံခြုံရေး စစ်ဆေးရေးစခန်းကို တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်မှုပြုရာမှ တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့ပြီး နာရီအနည်းငယ်အကြာထိ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် တာလီဘန်စစ်သွေးကြွခြောက်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦးတို့ သေဆုံးခဲ့ကြောင်း ပြည်နယ်ကောင်စီ အကြီးအကဲက ပြောကြားသည်။

တာလီဘန်စစ်သွေးကြွ နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦး တို့လည်း ယင်းတိုက်ခိုက်မှုအတွင်း ဒဏ်ရာများရရှိခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများက ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်မှုကြောင့် ဒေသတွင်းရှိ မိန်းကလေးများ တက်ရောက်သည့် စာသင်ကျောင်း အဆောက်အအုံတစ်လုံး ပျက်စီးသွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဇော်ဝင်း

# ဟန္နိုင်းမြို့တော်ရှိ အထင်ကရနေရာများ၌ ဆေးလိပ်သောက်သုံးသူများအား ဒဏ်ငွေရိုက်မည်

**ဟန္နိုင်း အောက်တိုဘာ ၆**

ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟန္နိုင်းရှိ အထင်ကရ နေရာ ၃၀ တွင် ဆေးလိပ်သောက်သုံးသူများကို အောက်တိုဘာလမှစတင်ကာ တွေ့ရှိသည့် နေရာ၌ ဒဏ်ငွေ ဗီယက်နမ်ပေါင် ၃၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၃ ဒေါ်လာ) ဒဏ်ငွေရိုက်မည်ဟု ဟန္နိုင်းမြို့ အာဏာပိုင်များက ပြောကြားသည်။

ယင်းအထင်ကရနေရာများ၌ ငုအွန်နှင့် ဘာကီယုဘုရားကျောင်းနှစ်ကျောင်း၊ ဗီယက်နမ် အမျိုးသားသမိုင်း ပြတိုက်၊ ဟန္နိုင်းအော်ပရာပြဇာတ်ရုံနှင့် စိန့်ဂျိုးဇက်ကာသီဒရယ်ဘုရားကျောင်းတို့ ပါဝင်ပြီး ယင်းအဆောက်အအုံများအတွင်းနှင့် အနီးပတ်ဝန်းကျင်လည်းပါဝင်သည်ဟု ဆိုသည်။

ယင်းနေရာများ၌ အများပြည်သူတို့အနေဖြင့် ဆေးလိပ်သောက်သုံးခြင်း မပြုကြရန်နှင့် ဆေးလိပ်သောက်သုံးပါက ဒဏ်ငွေ ချက်ချင်းရိုက်ခံရမည်ဟူသော သတိပေးဆိုင်းဘုတ်များ စိုက်ထူသွားမည်ဖြစ်သည်။

ယင်းလုပ်ဆောင်မှုသည် ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟန္နိုင်း၌ ကမ္ဘာလှည့်ခရီးသွားများကို ဦးတည်လုပ်ဆောင်သော ဆေးလိပ်သောက်သုံးမှု ဆန့်ကျင်ရေးလှုံ့ဆော်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ဟိုအန် ကီအယ်ခရိုင် ကျန်းမာရေးဌာန အကြီးအကဲ ဖမ်သီအန်နန်၏ ပြောကြားချက်ကို ကိုးကား၍ ဗီအန်အိတ်စ်ပရက် အွန်လိုင်းသတင်းစာ၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတွင် ဆေးလိပ်သောက်သုံးသူဦးရေ ၁၇ သန်းခန့်ရှိပြီး ဆေးလိပ်သောက်သုံးမှုနှင့် ဆက်နွှယ်၍ ဖြစ်ပွားသည့်ရောဂါများကြောင့် နှစ်စဉ်သေဆုံးရသူဦးရေ ၄၀၀၀၀ ခန့်ရှိကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနမှ ရရှိသော အချက်အလက်များအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဇော်ဝင်း

# လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အီရန်နှင့်တူရကီသဘောတူ

**တီဟီရန် အောက်တိုဘာ ၆**

အီရန်နှင့် တူရကီနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အောက်တိုဘာ ၅ ရက်က သဘောတူခဲ့ကြကြောင်း အီရန်အခြေစိုက် တားစ်နိမ်းသတင်းအေဂျင်စီက ယနေ့ဖော်ပြထားသည်။

တူရကီနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး မိုဟာမက်ဖါရာ့ဇ်မန်းနှင့် တူရကီပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး မူတာရိမ်အင်းစ်တို့သည် အောက်တိုဘာ ၅ ရက်က တူရကီနိုင်ငံ၏မြို့တော် အန်ကာရာမြို့၌တွေ့ဆုံခဲ့ကြပြီး အိမ်နီးချင်းနှစ်နိုင်ငံအကြားလုံခြုံရေးနယ်ပယ်၌ ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာနည်းလမ်းများအပါအဝင် ကိစ္စအဝဝကိုဆွေးနွေးခဲ့ကြသည်။

အီရန်နှင့်တူရကီနိုင်ငံတို့သည် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်သည့်နိုင်ငံများဖြစ်သလို အကြမ်းဖက်မှု၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးနယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုရှိသည့်နိုင်ငံများဖြစ်ကြောင်း ဖာရာ့ဇ်မန်းက တွေ့ဆုံဆွေးနွေးစဉ် မူတာရိမ်အင်းစ်အား ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် တူရကီဒုတိယဝန်ကြီး မူတာရိမ်အင်းစ်က တူရကီနိုင်ငံသည် အီရန်၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့်အားလျော်စွာ အမေရိကန်ပြည်ထောင်စု၏ ဖိအားပေးမှုများကြားက အီရန်နိုင်ငံမှ ရေနံနှင့် ဓာတ်ငွေ့များကို ဆက်လက်တင်သွင်းသွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အမေရိကန်သမ္မတရွေးကောက်ပွဲအား အီရန်ဟက်ကာများ ပစ်မှတ်ထားဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၆**

အီရန်အစိုးရနှင့် ဆက်နွှယ်မှုရှိသည့် ဟက်ကာအဖွဲ့တစ်ဖွဲ့က အမေရိကန်သမ္မတ ရွေးကောက်ပွဲကို ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း အမေရိကန်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် မိုက်ခရိုဆော့ဖ် ကုမ္ပဏီက ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ဟက်ကာများ၏ တိုက်ခိုက်မှုရှိခဲ့ကြောင်း မိုက်ခရိုဆော့ဖ် ကုမ္ပဏီက အောက်တိုဘာ ၄ ရက်က အင်တာနက်တွင် ရေးသားဖော်ပြခဲ့သည်။

အထူးသီးသန့် ပိုင်ဆိုင်သုံးစွဲနေသည့် အင်တာနက် အကောင့်ပိုင်ရှင်များ၏ အင်တာနက်အကောင့်များကို သိရှိနိုင်ရေးအတွက် ဖော့စ်ဖော့ရပ်စ်အမည်ရှိ အဖွဲ့အစည်းတစ်ခုက အကြိမ်ပေါင်း ၂၇၀၀ တိုက်ခိုက်ခဲ့ကြောင်း မိုက်ခရိုဆော့ဖ် ကုမ္ပဏီက ပြောကြားသည်။

ဟက်ကာများ၏ တိုက်ခိုက်ခံရသည့် ရွေးကောက်ပွဲမဲဆွယ်ရေးအဖွဲ့များ၏ အမည်ကိုမူ မိုက်ခရိုဆော့ဖ် ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ရွေးကောက်ပွဲ စည်းရုံးရေးဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရအရာရှိများနှင့် သတင်းမီဒီယာသမားများနှင့် ဆက်စပ်သော အကောင့်များကို ယင်းဟက်ကာအဖွဲ့က ပစ်မှတ်ထားခဲ့ကြောင်း ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ပြန်လည်အရွေးခံရေးမဲဆွယ်စည်းရုံးမှုကို ဟက်ကာများက တိုက်ခိုက်ခဲ့ကြောင်း သတင်းဌာနအချို့က ပြောကြားသည်။

အီရန်၏ ဒုံးကျည်ထိန်းချုပ်မှုစနစ်ကို ပစ်မှတ်ထားသည့် ဆိုက်ဘာ တိုက်ခိုက်မှုတစ်ရပ်ကို အမေရိကန် စစ်ဘက်က စတင်ခဲ့ကြောင်း အမေရိကန် သတင်းဌာနများက ယခုနှစ် ဇွန်လအတွင်းက ဖော်ပြခဲ့ကြသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
သာဘာပြန်-ဇော်ဝင်း

# ဆားဘီးယားနှင့်ဆွေးနွေးမှုများ ပြန်လည်စတင်ရန် ဖိအားပေးခံနေရသည့် ကိုဆိုဗို၌ ရွေးကောက်ပွဲကျင်းပ

**ပရက်ရှ်တီးနား အောက်တိုဘာ ၆**

ဆားဘီးယားနိုင်ငံနှင့် ဆွေးနွေးမှုများ ရပ်တန့်ခဲ့သော်လည်း ခေါင်းဆောင်ပိုင်းကို အသစ်ရွေးချယ်မည့် ရွေးကောက်ပွဲတစ်ရပ် ယနေ့ ကိုဆိုဗို၌ ကျင်းပပြီဖြစ်သည်။ ရွေးကောက်ပွဲတွင် မည်သူအနိုင်ရသည်ဖြစ်စေ ၂၀၀၈ ခုနှစ်တွင် ကိုဆိုဗို၏ လွတ်လပ်ရေးကြေညာမှုကို ပယ်ချခဲ့သည့် ဆားဘီးယားနိုင်ငံနှင့် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် အနောက်နိုင်ငံများ၏ ဖိအားပေးမှုကိုခံရမည်သာဖြစ်သည်။

ကိုဆိုဗိုရှိ ယခင်အစိုးရအဖွဲ့များကို လူပေါင်း ၁၃၀၀၀ ခန့်သေဆုံးခဲ့သည့် စစ်ပွဲတစ်ပွဲဖြစ်သော ၁၉၉၀ ပြည့်နှစ်များအတွင်း ဆားဘီးယားနိုင်ငံကို ဆန့်ကျင်သည့် အကြမ်းဖက်သောင်းကျန်းမှု ဆင်နွှဲခဲ့သည့် ပျောက်ကျားတပ်ဖွဲ့ဝင်များက လွှမ်းမိုးခဲ့သည်။ စစ်ရာဇဝတ်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသည့် သည်ဟိဂ်မြို့ရှိ အထူးတရားရုံးတစ်ရုံးက မေးမြန်းစုံစမ်းရန် ဆင့်ခေါ်ခံရသည့် ဝန်ကြီးချုပ် ရာမက်ရှ်ဟာရာဒီနာ ရာထူးမှနုတ်ထွက်ပြီးနောက် ရွေးကောက်ပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ အာဏာအပြောင်းအလဲက ဆွေးနွေးမှုကို အဆင်ပြေစေပြီး တင်းမာမှုများကို ဖြေလျှော့စေခြင်း ရှိ၊ မရှိ ဘယ်လ်ဂျီယံနှင့် အမေရိကန်နိုင်ငံတို့က အနီးကပ်စောင့်ကြည့်နေမည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရရန် ကိုဆိုဗိုအနေဖြင့် ဆားဘီးယားအပြင် ယင်း၏မဟာမိတ်နိုင်ငံများဖြစ်သော ရုရှားနှင့် တရုတ်တို့ကိုလည်း လိုအပ်သည်။ ဆားဘီးယားနိုင်ငံမှာလည်း ကိုဆိုဗိုနှင့် ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်ရန် ဖိအားပေးခံနေရပြီး ငြိမ်းချမ်းရေးရရှိမှသာ ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေး လုပ်ငန်းစဉ်ကို ရှေ့ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဥရောပသမဂ္ဂဦးဆောင်သော ဆွေးနွေးမှုများမှာ နှစ်နှစ်နီးပါးကြာ ရပ်တန့်ခဲ့ရပြီး သံတမန်ပိုင်းဆိုင်ရာ ရန်စမှုများက ချစ်ကြည်ရေးတည်ဆောက်မည့် ကြိုးပမ်းမှုများကို ပျက်ပြယ်စေခဲ့သည်။

ရွေးကောက်ပွဲမှာ ကိုဆိုဗိုနှင့် ဆားဘီးယားကြားဆွေးနွေးမှုများ အရေးတကြီး ပြန်လည်စတင်ရန် အရေးပါသော အခွင့်အရေးတစ်ရပ်ဟု အမေရိကန်နိုင်ငံနှင့် ဥရောပတိုင်းပြည်များက ရွေးကောက်ပွဲမတိုင်မီ ပြောကြားခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**





# လူစုလူဝေး၌ မျက်နှာဖုံးမတပ်ရ တားမြစ်မိန့်ကို ဟောင်ကောင်၌ ဆက်လက်ဆန္ဒပြ

**ဟောင်ကောင် အောက်တိုဘာ ၆**

များစွာသောလူအုပ်ကြီးသည် ဟောင်ကောင်ရှိ လမ်းများပေါ်သို့ ထွက်ခဲ့ကြသည်။ သူတို့သည် လူစုလူဝေးအတွင်း မျက်နှာဖုံးမတပ်ရဟူသော အစိုးရ၏တားမြစ်မှုကို ဒုတိယနေ့အဖြစ် ဆက်လက်ဆန္ဒပြကန့်ကွက်နေကြခြင်း ဖြစ်သည်။

မိုးများရွာသွန်းခဲ့သော်လည်း ဟောင်ကောင်၏ အချက်အချာကျသည့် နေရာများတွင် တနင်္ဂနွေနေ့က လူစုလူဝေးများဖြင့် ဆန္ဒပြကန့်ကွက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ဆန္ဒပြကန့်ကွက်သူအများစုသည် ထိုတားမြစ်မိန့်ကို ဖီဆန်၍ မျက်နှာဖုံးများ တပ်ဆင်ခဲ့ကြသည်။ ထိုတားမြစ်မိန့်သည် စနေနေ့က စတင်အသက်ဝင်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများသည် လမ်းမကြီးအတိုင်း ချီတက်ခဲ့ကြပြီး ဟောင်ကောင်လူထု ဆန့်ကျင်ကြပါဟု သံပြိုင်ဟစ်အော်ခဲ့ကြသည်။ ဆန္ဒပြပွဲတွင် အသက် ၁၆ နှစ်အရွယ်တစ်ဦးက ဟောင်ကောင်လူထုသည် ၎င်းတို့၏ အခြေခံအခွင့်အရေးများကို ကာကွယ်ရန်လိုကြောင်း၊ ဟောင်ကောင်ဒေသအစိုးရသည် ဟောင်ကောင်လူထု၏ ခံစားချက်များကို မစဉ်းစားဘဲ လူထုအပေါ်တင်းကျပ်မှု မလုပ်ဖို့လိုကြောင်း ပြောကြားသည်။

အသက် ၃၀ ကျော် အမျိုးသားတစ်ဦးက ၎င်းတို့အနေဖြင့် မျက်နှာဖုံးများတပ်ဆင်၍ အစိုးရကို စိန်ခေါ်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ သန္နိဋ္ဌာန်ကို ပြသနေခြင်းဖြစ်ကြောင်း ပြောကြားသည်။ အချို့ဆန္ဒပြသမားများက ဒေသစံတော်ချိန်ညနေ ငါးနာရီထိုးပြီး မကြာမီတွင် ရဲတပ်ဖွဲ့ဌာနချုပ်ကို အုတ်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသဖြင့် ရဲများက မျက်ရည်ယိုဓာတ်ငွေ့ဖြင့် ပြန်လည်ပက်ဖျန်းခဲ့ကြောင်း သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန် အောင်ဇော်လင်း**

# ထိုင်းနိုင်ငံ၌ တောဆင်ရိုင်းခြောက်ကောင် ရေတံခွန်အတွင်း ပြုတ်ကျသေဆုံး

**ဗန်ကောက် အောက်တိုဘာ ၆**

တစ်ကောင်နှင့်တစ်ကောင် ကယ်တင်ရန် ကြိုးစားရင်း ရေတံခွန်တစ်ခုအတွင်း ပြုတ်ကျခဲ့သည့် တောဆင်ရိုင်းခြောက်ကောင်ကို ထိုင်းအမျိုးသားဥယျာဉ်တစ်ခုအတွင်း သေဆုံးလျက် တွေ့ရှိခဲ့သည်။ ယခုဖြစ်ရပ်မှာ ဗန်ကောက်မြို့တော်၏ အရှေ့မြောက်ဘက် ခေါင်ယိုင်အမျိုးသားဥယျာဉ်၌ ယမန်နေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးခဲ့သည့် ဆင်ခြောက်ကောင်တွင် သုံးနှစ်သားဝန်းကျင် ဆင်ပေါက်တစ်ကောင်ပါရှိကြောင်း ဥယျာဉ်မှတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ဆင်ပေါက်ကလေးမှာ ရေတံခွန်အတွင်း ပြုတ်ကျခဲ့ပြီး အခြားဆင်များက ဆင်ပေါက်ကလေးကို လာရောက်ကယ်တင်ရန် ကြိုးပမ်းစဉ် ရေတံခွန်အတွင်းပြုတ်ကျကာ သေဆုံးခဲ့ခြင်းဟု ၎င်းတို့က ယုံကြည်ကြသည်။ အနီးအနားရှိ ချောက်ကမ်းပါးတစ်ခုပေါ်တွင် အခြားဆင်နှစ်ကောင်ကို အသက်ရှင်လျက် တွေ့ရှိခဲ့ရပြီး ယင်းဆင်များကို အာဏာပိုင်များက ကယ်တင်ခဲ့သည်။

ခေါင်ယိုင်အမျိုးသားဥယျာဉ်မှာ ဧရိယာစတုရန်းကီလိုမီတာ ၂၀၀၀ ကျော် ကျယ်ဝန်းပြီး တောဆင်ရိုင်း ၃၀၀ ခန့် နေထိုင်ကျက်စားသည်။ Hell's Fall အဖြစ် လူသိများသည့် အဆိုပါရေတံခွန်၌ အလားတူဖြစ်ရပ်များ ဖြစ်ပွားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဆင်ခြောက်ကောင် ရေတံခွန်အတွင်း ပြုတ်ကျသေဆုံးခဲ့ဖူးသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**



# အမေရိကန်နှင့် မြောက်ကိုရီးယား အလုပ်သဘောဆွေးနွေးပွဲ ရုတ်တရက်ရပ်ဆိုင်း

**စတော့ဟုမ်း အောက်တိုဘာ ၆**

အောက်တိုဘာ ၅ ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ပြုလုပ်သည့် အမေရိကန်နှင့် မြောက်ကိုရီးယား အဆင့်မြင့်အရာရှိတို့၏ နောက်ဆုံးအကြိမ် အလုပ်သဘောဆွေးနွေးပွဲသည် သဘောတူညီချက် တစ်စုံတစ်ခုမျှ မဖြစ်ထွန်းဘဲ ပြီးဆုံးသွားသည်။

နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုများသည် မိမိတို့မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသောကြောင့် ရပ်ဆိုင်းလိုက်ကြောင်း မြောက်ကိုရီးယားနျူကလီးယားညှိနှိုင်းရေးမှူး ကင်မြောင်ဂီလ်က ဆွေးနွေးပွဲအပြီးတွင် တောင်ကိုရီးယားပိုင် ယွန်ဟပ်သတင်းအေဂျင်စီသို့ ပြောကြားသည်။

ခုနှစ်လကျော်အတွင်း မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ပထမအကြိမ်မြောက်ဖြစ်သည့် အဆိုပါဆွေးနွေးပွဲကို ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်းမြို့ အရှေ့ဘက်လီဒင်ဂိုဆင်ခြေဖုံးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရှစ်နာရီခွဲကြာ ဆွေးနွေးခဲ့ကြပြီးနောက် ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဒါဟာ ကြီးမားတဲ့ဆုံးရှုံးမှုတစ်ခုပါပဲ၊ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခက်အခဲပြဿနာရပ်များကို မကျော်လွှားနိုင်ပါက ထရန့်နှင့် ကင်တို့၏ ထိပ်သီးဆွေးနွေးပွဲအစီအစဉ်အတွက် အလွန်ခက်ခဲမည်ဖြစ်ကြောင်း၊ အကယ်၍ ထရန့်နှင့် ကင်အကြား ထိပ်သီးဆွေးနွေးပွဲ တစ်စုံတစ်ခုမျှ မလုပ်ဆောင်ခဲ့ပါက ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအပေါ် နှစ်နိုင်ငံအကြား သဘောတူညီချက်လည်း ရရှိနိုင်မည်မဟုတ်ကြောင်း ဆွီဒင်ကာကွယ်ရေးသုတေသနဌာနမှ လုံခြုံရေးဆိုင်ရာမူဝါဒ ဆန်းစစ်လေ့လာသူ ဂျာကာဟဲလ်စထရောင်းက ဆွီဒင်ရုပ်သံလွှင့်ဌာနသို့ ပြောကြားသည်။

မြောက်ကိုရီးယားနျူကလီးယား ညှိနှိုင်းရေးမှူး ကင်၏ မှတ်ချက်များထွက်ပေါ်လာခဲ့ပြီးနောက် နာရီအနည်းငယ်အတွင်းမှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်ဂန်အော်တေးဂွဲစ်က နှစ်နိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်များသည် အလုပ်သဘောဆွေးနွေးပွဲအတွင်း ချောမွေ့စွာ ဆွေးနွေးခဲ့ကြကြောင်း၊ မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတီဗင်ဘီဂန် ဦးဆောင်သော အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့နှင့် ကောင်းကောင်းမွန်မွန် ဆွေးနွေးခဲ့ပြီး ကိစ္စရပ်အားလုံးကို သီတင်းပတ်နှစ်ပတ်အတွင်း မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့နှင့် ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် စတော့ဟုမ်းမြို့သို့ပြန်လာရန် ဆွီဒင်အစိုးရ၏ ဖိတ်ကြားချက်ကိုလည်း လက်ခံခဲ့ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် မြောက်ကိုရီးယား၏လိုအပ်ချက်ကို လိုက်လျောပေးခြင်းမရှိသောကြောင့် နှစ်ဖက်အကြား အလုပ်သဘောဆွေးနွေးပွဲကို ရပ်ဆိုင်းလိုက်သည်ဟု မြောက်ကိုရီးယားဘက်က ပြောဆိုခဲ့သော်လည်း အမေရိကန်သည် သီတင်းပတ်နှစ်ပတ်အတွင်း မြောက်ကိုရီးယားနှင့် ဆက်လက်ဆွေးနွေးရန် မျှော်လင့်လျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# မြန်မာနိုင်ငံ၌ Hospice ကုသစောင့်ရှောက်မှုအဆင့် ၇၆ ရှိ



**ရန်ကုန် အောက်တိုဘာ ၆**
ရောဂါဝေဒနာအပြင်းအထန်ခံစားရပြီး နောက်ဆုံးဆရာဝန်လက်လျှော့ပေးလိုက်သည့် ကုထုံးကုန်လူနာများ ပြုစုစောင့်ရှောက်မှုကို ရည်ညွှန်းသတ်မှတ်ခေါ်ဆိုသော Hospice ကုသစောင့်ရှောက်မှုသည် မြန်မာနိုင်ငံက ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၇၆ ရှိကြောင်း ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ )ဖောင်ဒေးရှင်း နာယက ဒေါက်တာလှမောင်က ပြောသည်။

**အခမဲ့ပြုစု စောင့်ရှောက်ပေး**

"ကျွန်တော်တို့နိုင်ငံမှာ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ ကင်ဆာရောဂါ နောက်ဆုံးအဆင့် ဆရာဝန်လက်လျှော့ပေးခဲ့ရတဲ့ လူနာတွေကို အခမဲ့ပြုစုစောင့်ရှောက်ပေးနေပါတယ်။ ရောဂါနောက်ဆုံးအဆင့်ရောက်မှာ စိတ်ဓာတ်မကျစေဘဲ ၎င်းတို့ရဲ့ စိတ်ဓာတ်သာယာချမ်းမြေ့စွာ ရှိစေဖို့အတွက် ဆရာဝန်သူနာပြုတွေနဲ့အနီးကပ်ပြုစုစောင့်ရှောက်ပေးတာကို Hospiceလို့ ခေါ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုကုသပေးနိုင်မှုဟာ ကမ္ဘာ့အဆင့် ၇၆ မှာ ရှိပါတယ်"ဟု ဒေါက်တာဦးလှမောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်၂ လမ်းမကြီးဘေး ရွာသာကြီးရပ်ကွက်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၌ ကင်ဆာဝေဒနာရှင်များအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်စဉ် ဒေါက်တာဦးလှမောင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် Lien Foundation နှင့် The Economist Intelligence Unit တို့ပူးပေါင်းလျက် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၈၀ တို့တွင် ဘဝ၏ နောက်ဆုံးအချိန် ရောက်ရှိနေကြသော လူနာများစာရင်းကို ကောက်ယူ၍ အညွှန်းကိန်းတစ်ရပ် ထုတ်ပြန်ခဲ့ရာ ဗြိတိန်ကအဆင့် ၁၊ ဩစတြေးလျက အဆင့်၂၊ နယူးဇီလန်က အဆင့် ၃၊ အိုင်ယာလန်က အဆင့်၄၊ ဘယ်လ်ဂျီယံက အဆင့် ၅၊ တရုတ်(တိုင်ပေ)က အဆင့် ၆၊ ဂျာမနီက အဆင့် ၇၊ နယ်သာလန်က အဆင့် ၈၊ အမေရိကန်က အဆင့် ၉ နှင့် ပြင်သစ်က အဆင့် ၁၀ ဖြစ်ပြီး မြန်မာက အဆင့် ၇၆ ရှိကြောင်း၊ ယင်းကဲ့သို့ နိုင်ငံပေါင်း ၈၀ အနက် အဆင့် ၇၆ ရှိခြင်းမှာ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများ၌ ဦးလှထွန်းမေတ္တာရိပ်မွန်ကို ထူထောင်ဖွင့်လှစ်နိုင်ခဲ့၍ဖြစ်ကြောင်း သိရသည်။

**၁၉၉၈ ခုနှစ်တွင် တည်ထောင်**

ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ နိုင်ငံတော်လူမှုထူးချွန်ပထမဆင့်ရရှိထားသော ဦးလှထွန်းသည် တစ်ဦးတည်းသောသမီး သွေးကင်ဆာဖြင့် ကွယ်လွန်ပြီးနောက် အဆိုပါ ဖောင်ဒေးရှင်းကို ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း။

စတင်တည်ထောင်ချိန်မှ ယနေ့အထိ ရန်ကုန်မြို့၌ နောက်ဆုံးအဆင့် ကင်ဆာဝေဒနာရှင်ပေါင်း ၂၇၁၃ ဦး၊ မန္တလေးမြို့တွင် ၃၄၈၁ ဦးတို့အား ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ လူမျိုးမရွေး ဘာသာမရွေး ကင်ဆာရောဂါစွဲကပ်ပြီး ဆရာဝန်လက်လျှော့ ဝေဒနာရှင်များအား ဆက်လက်ပြုစု စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ကမ္ဘာ့ရေကန်ကြီး ကန်ပေါင်ကျိုးပေါက် တောင်ရှေ့ချောင်းရေကျော်ကာ ကားများ သုံးနာရီကျော်ကြာ ပိတ်မိ

**ညောင်ဦး အောက်တိုဘာ ၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းမကြီး တောင်ဇင်းကျေးရွာအနီး အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရွာသွန်းခဲ့သည့်မိုးကြောင့် တောင်ဇင်းကျေးရွာ ကမ္ဘာ့သောက်ရေကန်ကြီး ကန်ပေါင်ကျိုးပေါက်ကာ တောင်ရှေ့ချောင်းရေကြီးပြီး ကားများ သုံးနာရီခန့် ချောင်းတစ်ဖက်တစ်ချက်ပိတ်မိနေကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် တောင်ဇင်းအုပ်စု ကျေးရွာများ မှီခိုအားထားရာ ကမ္ဘာ့သောက်ရေကန်ကြီး ကန်ပေါင်ကျိုးပေါက်သွားကာ တောင်ရှေ့ချောင်းရေကြီးရေလျှံပြီး ကျောက်ပန်းတောင်း- ညောင်ဦး ဘုရားဖူးကားများ၊ ပခုက္ကူ-ရန်ကုန်ခရီးသည်တင်ကားများ၊ ညောင်ဦး-ရန်ကုန်ကားများ၊ ပခုက္ကူ-မန္တလေးလိုင်းကားများ၊ ညောင်ဦး-ကျောက်ပန်းတောင်းလိုင်းကားများ၊ ညောင်ဦး-တောင်ကြီးလိုင်းကားများ ညောင်ဦးဘက်ခြမ်းတွင် သုံးနာရီခန့် ခရီးစဉ်ကြန့်ကြာခဲ့ကြောင်း သိရသည်။ **ကိုထိန် (ငါ့သရောက်)**





# အောင်မြေသာစံ၊ ကလော၊ တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**
မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၅ ရက် ညနေ ၄ နာရီခွဲက အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက် မန္တလေး-ရွှေကျင်ကားလမ်းတွင် မျိုးတင့်(ခ) ဦးဇုံနှင့် ဝသန်ထက်(ခ) အပုလေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် နှစ်စီးကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ဟဲဟိုးမြို့အနီး တောင်ကြီး-အောင်ပန်းကားလမ်း လမ်းဘေးဇရပ်အတွင်း၌ ကိုထွေး(ခ)ခွန်မောင်ထွေးနှင့် ဦးယွမ်းတို့အားတွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် မော်တော်ဆိုင်ကယ် နှစ်စီးတို့ကိုလည်းကောင်း။

ထို့အတူ ညနေ ၆ နာရီတွင် တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု နောင်ပဲတံတားအနီး တောင်ကြီး-မိုင်းပျဉ်းကားလမ်းတွင် ဇင်ကိုဦး(ခ) စိုင်းကိုမောင်းနှင်ပြီး အိုက်ဦး(ခ)ကိုဦးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ကိုထွေး(ခ)ခွန်မောင်ထွေး၊ ဦးယွမ်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဇန်းမောက်မြို့နယ်အတွင်း၌ တရားမဝင်ရွှေတူးဖော်သူ မြေပိသေဆုံး

**ဇန်းမောက် အောက်တိုဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် နန့်သောင်ကျေးရွာ နန့်သောင်ချောင်းအနီးတွင် တရားမဝင် ရွှေတူးဖော်နေသူ အမျိုးသားတစ်ဦး မြေပိသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် ညနေ ၇ နာရီခွဲခန့်တွင် ဇန်းမောက်မြို့နယ် မံစီးကြီးနယ်မြေ ရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်းထွန်း ဦးစီးသောအဖွဲ့သည် လူတစ်ဦးမြေပိသေဆုံးနေကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဇန်းမောက်မြို့နယ် နန့်သောင်ကျေးရွာ နန့်သောင်ချောင်းအနီးတွင် ကောလင်းမြို့နယ်နေ ကုလားသည် ကျင်းပေါင်းနေရာတွင် တရားမဝင် ရွှေတူးဖော်စဉ် မြေပိသေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းသေဆုံးခြင်းသည် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန် သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# စက်ချုတ်ယွင်း၍ လမ်းဘေးတွင် ရပ်တန့်ပြုပြင်နေသည့် ၂၂ ဘီးယာဉ်အား ၁၂ဘီးယာဉ်မှအရှိန်လွန်ဝင်တိုက်မိ၊ ယာဉ်မောင်းနှင်သူသေဆုံး

**အုတ်တွင်း အောက်တိုဘာ ၆**
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ မြောက်ဘက် ၄ မိုင်ခန့် အကွာ ဥယျာဉ်တော်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ယနေ့ နံနက် ၄ နာရီခန့်က စက်ချုတ်ယွင်း၍ လမ်းဘေးချရပ်ကာ ပြုပြင်နေသည့် ၂၂ ဘီး ဆီဘောက်ဆာယာဉ်အား ၁၂ ဘီးကုန်တင်ယာဉ်မှ အရှိန်လွန်ဝင်ရောက် တိုက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းနှင်သူတစ်ဦး နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်တွင်းမြို့မရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ်ရဲလင်းအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ဇော်ထွန်း(ခ)ဂတုတ် မုံရွာမြို့နေသူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်သည် ကားလမ်းမိုင်တိုင်အမှတ်၁၅၂/ဝနှင့် ၁ အကြား အခင်းဖြစ်ပွားသည့်နေရာအရောက် ကားလမ်းအရှေ့ဘက်ဘေးတွင် ရှေ့မီးပျက်သဖြင့် ရပ်တန့်ပြုပြင်နေသည့် ၂၂ ဘီး ဆီဘောက်ဆာယာဉ်၏နောက်ပိုင်းကို အရှိန်လွန်ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ဇော်ထွန်း(ခ)ဂတုတ်မှာ ရရှိသော ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားခဲ့၍ အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အင်းတော်မြို့နယ်အတွင်း ရွှေသတ္တုတူးဖော်နေသူများ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိ

**အင်းတော် အောက်တိုဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားကျေးရွာအနီး နားမကြိုင်းကြိုးဝိုင်းအတွင်းမှ တရားမဝင် ရွှေသတ္တုတူးဖော်နေသူများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သင်း ဦးစီးသောအဖွဲ့သည် အင်းတော်မြို့နယ် နဘားကျေးရွာအနီး နားမကြိုင်းကြိုးဝိုင်းအတွင်း၌ တရားမဝင်ရွှေသတ္တုတူးဖော်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးရာ အင်းတော်မြို့နယ် ကမ်းနီကျေးရွာနေ ဝင်းဦး၊ ကျော်စွာ၊ လှဝင်း၊ စိုးအောင်၊ ဖိုးလုံး၊ ဝင်းလှိုင်တို့ ခြောက်ဦးသည် တရားမဝင်ရွှေသတ္တုတူးဖော်နေပြီး ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အဆိုပါ ခြောက်ဦးအား အင်းတော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၆**
ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာ ကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ကောင်းဖို့ရှယ်သော ခေတ်ကို

ဆူးငှက်

ကျွန်တော်နေထိုင်သော မန္တလေး အောင်ပင်လယ် ကန်ပေါင်ရိုးအနီး လယ်တောအိမ်ကလေး၏ အရှေ့ဘက်ခြမ်းမှာက ခြံဝင်းကွက်များနှင့်အတူ သရက်ကုန်းဘုန်းတော်ကြီးကျောင်းဝင်းနှင့် အောင်ပင်လယ် တောတွေရှိသည်။ တောင်ဘက်မှာက ခပ်စိပ်စိပ် လူနေအိမ်ဝင်းများ။ မြောက်ဘက်မှာ သပြေခြံတွေ၊ သစ်ခွခြံတွေရှိသည်။ အနောက်ဘက်မှာက ဧကကွက် အကျယ်အဝန်းရှိသည့် တောရိုင်းခြံကြီးတစ်ခြံရှိသည်။ သည်ခြံကြီးထဲမှာ ငါး ကန်တွေလည်း ရှိ၏။ သရက်ပင်တွေလည်းရှိ၏။ သပြေပင်တွေလည်းရှိ၏။

**နေ့စဉ်မပြတ်ကြားနေရတာက ချိုးကူသံလေး**

လွန်ခဲ့သော ဆယ်စုနှစ်ကျော် သည်နေရာလေးသို့ ကျွန်တော်တို့ရောက်စအချိန်တွင် အိမ်ကလေး၏ အရှေ့ဘက်မှာ၊ တောင်ဘက်မှာတွေက အခုလိုဝင်းတွေခြံတွေ မရှိသေး။ ပိတ်စွယ်ရိုင်းပင်တွေ တောထနေသည့် ကွင်းပြင်ကြီးပဲ ဖြစ်သည်။ အိမ့်တောင်ဘက် ခေါင်းရင်းမှာလည်း ရေအိုင်တစ်အိုင်ရှိသည်။ ကြည်လင်သောရေမှာ ကြာပန်းတွေလည်း ပွင့်နေ၏။ ညနေစောင်းလျှင်ဖြင့် အနောက်ဘက် ရေကန်ကြီးတွေရှိသည့် ခြံကြီးထဲသို့ ဗျိုင်းအုပ်တွေ အိပ်တန်းလာတက်သည်။ ညနေမှာ အုပ်လိုက် အိပ်တန်းတက်ကြသည်။

အဲ့ဒီလို ခြံကြီးတွေထဲမှာသာ မဟုတ်။ ခေါင်းရင်းက ရေအိုင်ကလေးမှာလည်း ရေကြက်တစ်အုပ် ရေသောက်ဆင်းကြ၊ ရေချိုးကြသည်။ ထိုနေရာလေးမှာ မနက်လင်းလျှင် နေ့စဉ်မပြတ်ကြားနေရတာက ချိုးကူသံလေးပဲ ဖြစ်ပါ၏။ အောင်ပင်လယ် လမိုင်းလယ်များ၏ အမွေအနှစ်နေရာမို့ လယ်တောဘဝက လယ်ကောဖြစ်ခဲ့သော်လည်း သစ်ရိပ် ဝါးရိပ် ရေရိပ်တွေကြောင့် ကျေးငှက်သာရကာတို့၏ ပျော်ရွှင်မြူးထူး ကျက်စားရာနေရာဖြစ်သည်။ ယခုကဲ့သို့ ကျေးငှက်သာရကာတို့ မြူးထူးပျော်ရွှင်သောနေရာ ဖြစ်ခဲ့ခြင်းမှာလည်း ကနဦးအစကတည်းက အစဉ်အလာရှိခဲ့သည်။ ပုဂံခေတ် ၅၁၃ ခုနှစ်ကတည်းက ဆိုပါတော့။

**အောင်ပင်လယ်ကန်ကို ဆယ်တော်မူခဲ့ခြင်း**

သည်နေရာသို့ ပုဂံပြည်မှ မင်းရှင်စောရောက်ရှိခဲ့၏။ ဖခမည်းတော် “သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတသုဓမ္မရာဇာ”ဘွဲ့ခံ အလောင်းစည်သူမင်းကြီး၏ အမျက်တော်ရှမှုကြောင့် ပုဂံပြည်မှ “ပြည်နှင်”ဒဏ်ခံရရှာသော မင်းရှင်စောတစ်ယောက် ဆင်မြင်းဗိုလ်ပါ အလုံးအရင်းနှင့် (ယခု) မန္တလေးဒေသဝန်းကျင်သို့ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ပထမဦးစွာ မြစ်ငယ် မကန္ဒရာအနီး မြို့သာမြို့၊ ဒုတိယမြို့သစ်မြို့၊ တတိယမြစ်ငယ်မြစ် တောင်ဘက် တပျက်သာမြို့ သုံးမြို့ တည်ထောင်ခဲ့သည်။ ထို့နောက် စတုတ္ထမြို့ဖြစ်သော ပူတက်မြို့ကို တည်ထောင်ပြီး အလျားအနံ တာထောင်စီရှိသော ကန်တိလိ(ခေါ်) အောင်ပင်လယ်ကန်ကို ဆယ်တော်မူခဲ့ခြင်း ဖြစ်သည်။ မြောင်းကြီးသုံးသွယ်၊ လယ်ပယ် သုံးသောင်း၊ သီးထပ်သီးညှပ်ဖြင့် တစ်နှစ်လျှင်သုံးသီးစား စိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့သည်။

**နောက်ပါ ဗိုလ်ခြေထုနှင့် ထပ်မံဆယ်ဖို့ ပြင်ဆင်တော်မူ**

အဆိုပါ အောင်ပင်လယ်ကန်တော်ကြီးကို သက္ကရာဇ် ၁၁၅၁ ခု နယုန်လပြည့် တနင်္လာနေ့တွင် အမရပူရနန်းစံဘိုးတော်ဘုရားက နောက်ပါ ဗိုလ်ခြေထုနှင့် ထပ်မံဆယ်ဖို့ ပြင်ဆင်တော်မူပြန်၏။ ဘိုးတော်ဘုရား၏ ကောင်းမှု မဟာမုနိဘုရားကြီးအနီး၌ ယာယီစံနန်းနှင့် စံမြန်းတော်မူပြီး မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်ကတော်စိုးတို့နှင့်တကွ အမရပူရနေပြည်တော်မှ တစ်အိမ်တစ်ယောက်မကသော ပြည်သူများနှင့်အတူ လယ်ထွန်မင်္ဂလာ ဆင်းတော်မူ၍ ကျောက်စာများ ရေးထိုးစိုက်ထူခဲ့သည်ဟု မှတ်သားရသည်။

> “မန္တလေးမြို့၏အနီးဝန်းကျင်သည် ရှေးရှေးမင်း အဆက်ဆက်၏ အမြော်အမြင်ကြီးမားမှုနှင့် ရွှေမြို့တော်သားတို့၏ ယဉ်ကျေးသော လူ့ကျင့်ဝတ်တို့ လိုက်နာမှုများကြောင့် တောနှင့်တောင်နှင့်၊ ရေနှင့်ကြာနှင့်၊ ကျေးငှက်နှင့် သာရကာနှင့် အံ့ချီးမခန်း . . . ”

**“အလျားတာ သုံးတောင် လယ်ပယ်သုံးသောင်း၊ မြောင်းသုံးသွယ်တို့ဖြင့် အလွန်ကြီးကျယ်သော ကန်တိလိ အမည်ရှိသော အောင်ပင်လယ်ကန်တော်ကြီးသည် ဆည်ရိုကန်ပိုင်မခိုင်လို ကွင်းပျက်စီးသည်ကို ဖေလောင်တော်တို့ အရိုက်အရာ မပျက် ကောင်းပလေဟု သဗ္ဗညုတဉာဏ်၏ အဆောက်အအုံကို ရည်သန်တော်မူလျက် ပြည်သူပြည်သားတို့ စီးပွားချမ်းသာဖြစ်စေလိုရယ် နှစ်သစ်အခါမှ ရက်သုံးဆယ်ရာသီမေထုန် နယုန်လပြည့် တနင်္လာနေ့ပင်တို့ ဓမ္မတာ လယ်ထွန်မင်္ဂလာ ထွက်တော်မူရယ်”** ဟူသော ကျောက်စာပါ မူရင်းသတ်ပုံစာသားများနှင့်အတူ ထူးခြားသော အပြုအမူတို့ကို ဘိုးတော်မင်းတရားကိုယ်တိုင်ပြုမူဆောင်ရွက်ခဲ့သည်ကိုလည်း ကျောက်စာ၌ ဆက်လက်ရေးထိုးထား၏။

**ရာသီဥတု သပ္ပာယဖြစ်ခြင်းနှင့်အတူ**

**“ဤကန်တော်အတွင်း နိမိတ်၏လေးရပ်သတ်မှတ်သည်နှိုက်နေပျော်ပိုက်ကုန်သော ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့အား ဘေးမရှိစေဟု အာဏာထားတော်မူသည်ကား”** ဟူ၍တစ်မျိုး။ **“ကိုးထောင် ခုနစ်ရာ ခြောက်ဆယ်လေးတာ အပြန်အလှန်သော နိမိတ်အတွင်း၌ နေကုန်သော ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့အား ဘေးမဲ့ဖြစ်စေ”**ဟူ၍ တစ်မျိုး၊ ဘိုးတော်ဘုရားကျောက်စာ၌ တိတိကျကျ ခိုင်ခိုင်မာမာ ပါရှိခဲ့သည်။ ဆိုလိုသည်က အလျား ခုနစ်မိုင်ကျော်၊ အနံသုံးမိုင်ခွဲနီးပါးရှိ အောင်ပင်လယ်ကန်တော်ကြီး နယ်နိမိတ်အတွင်း ရေပိုးရေမွှားမှအစ ကျေးငှက်၊ တိရစ္ဆာန်များအထိ ဘေးမဲ့ပေးထားခဲ့ခြင်းကို ခိုင်မာစေခဲ့ခြင်းဖြစ်၏။

ထို့ကြောင့်လည်း မင်းတုန်းမင်းကြီးက ဤအရပ်ဤနေရာ၌ ရတနာပုံနေပြည်တော်ကြီး ထူထောင်လေသောအခါ အရှေ့ဘက် အောင်ပင်လယ်ကန်၊ အနောက်ဘက် ဧရာဝတီမြစ်၊ တောင်ဘက် တောင်သမန်နှင့် ဓောင်းကလေးကန်၊ မြောက်ဘက် နန္ဒာကန်နှင့် မတ္တရာမြစ်တို့အကြားရှိသောကြောင့် ရာသီဥတု သပ္ပာယဖြစ်ခြင်းနှင့်အတူ နေ့စဉ် နေဝင်နေထွက် အိပ်တန်းတက်၊ အိပ်တန်းဆင်းကြသည့် အမျိုးအမည်စုံ ကျေးငှက်သာရကာတို့ကား ရွှေမြို့တော်ကြီး ကောင်းကင်ယံအတွင်း နေပြောက်ထိုးမကျရှိခဲ့သည်” ဆိုကြ၏။



**ရွှေမြို့တော်သားတို့၏ ယဉ်ကျေးသော လူ့ကျင့်ဝတ်**

ထိုအတိတ်ကိုစိတ်ကူး၍မျှပင် မှန်းဆကြည့်ကြပါဘိ။ မန္တလေးမြို့၏အနီးဝန်းကျင်သည် ရှေးရှေးမင်း အဆက်ဆက်၏ အမြော်အမြင်ကြီးမားမှုနှင့် ရွှေမြို့တော်သားတို့၏ ယဉ်ကျေးသော လူ့ကျင့်ဝတ်တို့ လိုက်နာမှုများကြောင့် တောနှင့်တောင်နှင့်၊ ရေနှင့်ကြာနှင့်၊ ကျေးငှက်နှင့် သာရကာနှင့် အံ့ချီးမခန်း ကြည်နူးသာယာသော သဘာဝပတ်ဝန်းကျင်ရှိခဲ့သည်မှာ သေချာလှသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကာလကပဲ ယခု မန္တလေး နယ်နိမိတ်၏ မျဉ်းကြောင်းပေါ် မေးတင်နေသော ကျွန်တော်တို့ လယ်တောအိမ်လေးဝန်းကျင်မှာ ရေနှင့်ကြာနှင့်၊ ကျေးငှက်နှင့် သာရကာနှင့်ရှိနေခဲ့ခြင်းမှာလည်း ထိုဘိုးဘွားအမွေအနှစ်၏ လက်မတင်လေးမျှသော လက်ကျန်အမွေအနှစ်ဖြစ်ချေလိမ့်မည်။

အောင်ပင်လယ်သည် ၁၉၇၃ ခုနှစ်ဝန်းကျင်ကတည်းက လယ်တောဖြစ်သွားပြီပဲ။ ထိုအခါ သီချင်းရေးဆရာ နန်းတော်ရှေ့ဆရာတင်က ညည်းတွားသည်။ “တကယ်တောအစစ်ကဲ့သို့ အခုတော့ လယ်ကောဖြစ်လို့မို့ ကောင်းဖို့ရှယ်သော ခေတ်ကို အခုပင်မျှော်မိတယ်” တဲ့။ အခုတော့ လူနေရပ်ကွက်တွေ၊ စီမံကိန်း အဆောက်အအုံတွေ၊ ဆည်တော်ကြီး လျှပ်စစ်တာဝါ၊ ရဲရွာလျှပ်စစ်တာဝါတွေ၊ အိမ်ရာစီမံကိန်းတွေ ဖြစ်ကုန်ပြီ။

**အနောက်ဘက်တစ်ကြော ကွန်ကရစ်တော**

အရှေ့ရိုးမအစပ် နွားလဘို့တောင်၊ ဆိတ်သည်းတောင်၊ ဟသ်ာဂူ စသည့် တောင်ပေါ်မှာလည်း ယခင်ကလို တောကြီးမျက်မည်း မဟုတ်တော့။ အောင်ပင်လယ်ရဲ့ အရှေ့ဘက် တောင်တွေပေါ်က ကြည့်တော့ ရွာရိုးမြို့နယ်နိမိတ်ကလနားနေရာတွေမှာသာ တောရိပ်တောင်ရိပ်၊ သစ်ပင်သစ်တောတုတွေသာ ရေးရေးတွေ့ရပြီး အနောက်ဘက်တစ်ကြော ကွန်ကရစ်တောကြီး ဟည်းထလို့နေချေပေ့ါ။ အခုတော့ မန္တလေး၏ အသက်ရှူပေါက် အစိမ်းရောင်ဒေသဖြစ်သည့် အောင်ပင်လယ်တစ်ကြောက လယ်တောတွေလည်း လယ်ကောမျှ မဟုတ်တော့။ သည်တော့လည်း ဘာတတ်နိုင်ပါ့မလဲ၊ ကောင်းဖို့ရှယ်သော ခေတ်ကို ရောက်ဖို့ပဲ နတ်ကွန်းအသစ်နှင့် အောင်ပင်လယ် ဘိုးဘိုးကြီးထံ ဆုတောင်းကြရမည်။



# ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

ယမန်နေ့မှအဆက်

၁၃။ ဝန်ကြီးဌာနသည် ကောင်စီဥက္ကဋ္ဌ၏ ပုဒ်မ ၁၂ အရ တင်ပြချက်ကို လက်ခံရရှိလျှင် လစ်လပ်သော ကောင်စီဝင်နေရာကို ဖြည့်စွက်ခန့်ထားနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းထံမှ ကိုယ်စားလှယ် အမည်စာရင်းတောင်းခံ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်ဆုံး ဖြည့်စွက်ခန့်ထားရမည်။

၁၄။ ပုဒ်မ ၁၃ အရ ဖြည့်စွက်ခန့်အပ်သည့် ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးချိန်အထိသာဖြစ်သည်။

## အခန်း(၇)
## ကောင်စီအစည်းအဝေးများကျင်းပခြင်း

၁၅။ ကောင်စီဥက္ကဋ္ဌသည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ခ) ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးခေါ်ယူကျင်းပ ပေးရန် တင်ပြလျှင် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၁၆။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးတို့တွင် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၁၇။ ကောင်စီအစည်းအဝေးအတွက် ကောင်စီဝင်များကို ဖိတ်ကြားရာတွင် အစည်းအဝေး၌ ဆွေးနွေးမည့် အကြောင်းအရာ၊ အဆုံးအဖြတ်ပြုရမည့် ကိစ္စနှင့် အစည်းအဝေး အစီအစဉ်များကို အစည်းအဝေးဖိတ်ကြားစာနှင့်အတူ ပူးတွဲပေးပို့၍ အစည်းအဝေးမစတင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်ဖိတ်ကြားရမည်။

၁၈။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး၏ ဆောင်ရွက်ချက် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း(၈)
## မှတ်ပုံတင်ခြင်း

၁၉။ မှတ်ပုံတင်လက်မှတ်ရယူလိုသည့် ကျန်းမာရေးမှူးသည် မှတ်ပုံတင် အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၂၀။ မှတ်ပုံတင်လက်မှတ် လျှောက်ထားသော ကျန်းမာရေးမှူးသည် ကျန်းမာရေးမှူးအသင်း၏ အသင်းဝင်ဖြစ်ရမည်။

၂၁။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်လွှာပါ အချက်များနှင့် ပူးတွဲတင်ပြရန် သတ်မှတ်ထားသည့် အထောက်အထားများ မှန်ကန်ပြည့်စုံခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ(က) အရ စိစစ်ရာတွင် မှန်ကန်ပြည့်စုံခြင်း မရှိပါက ပြန်လည်ပြင်ဆင် ဖြည့်စွက်လျှောက်ထားရန် ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ) အရ ညွှန်ကြားရာတွင် မိမိညွှန်ကြားချက်ကိုဖော်ပြ၍ လျှောက်လွှာကို လျှောက်ထားသူထံ ပြန်လည်ပေးပို့ရမည်။

(ဃ) ပုဒ်မခွဲ(က) အရ စိစစ်ရာတွင် ဖြစ်စေ၊ ပုဒ်မခွဲ(ခ) အရ ညွှန်ကြားသဖြင့် ပြန်လည်တင်ပြချက်ကို စိစစ်ရာတွင်ဖြစ်စေ လျှောက်လွှာပါ အချက်များမှန်ကန်ပြီး သတ်မှတ်သည့် စာရွက်စာတမ်း အထောက်အထားများကို ပြည့်စုံကြောင်း စိစစ်တွေ့ရှိရပါက လျှောက်ထားချက်ကို မိမိသဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

၂၂။ ကောင်စီသည် ပုဒ်မ ၂၁(ဃ) အရ မှတ်ပုံတင်အရာရှိ၏ တင်ပြချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး-

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆုံးဖြတ်ပါက သတ်မှတ်သော မှတ်ပုံတင်ခကို ပေးသွင်းစေပြီး မှတ်ပုံတင်ခပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရန် ဆုံးဖြတ်ပါက မည်သည့်အကြောင်းကြောင့် ဆိုင်းငံ့ကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဖော်ပြထားသည့် ဆုံးဖြတ်ချက် မိတ္တူနှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၃။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့် နေ့မှစ၍ နှစ်နှစ်ဖြစ်သည်။

၂၄။ မှတ်ပုံတင်ကျန်းမာရေးမှူးသည် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် မှတ်ပုံတင်ကျန်းမာရေးမှူးအဖြစ် ဆက်လက်ဆောင်ရွက်လိုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ မှတ်ပုံတင် လက်မှတ်သက်တမ်းတိုးပေးရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၂၅။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး -

(က) သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်းတွေ့ရှိပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် သက်တမ်း တိုးမြှင့်ပေးရမည်။

(ခ) သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့တင်ပြရမည်။

(ဂ) ကောင်စီက သက်တမ်းတိုးမြှင့်ပေးရန် ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ကောင်စီ၏ ဆုံးဖြတ်ချက်အရ -

(၁) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန်ဖြစ်လျှင် ပုဒ်မခွဲ(က)ပါအတိုင်း ဆောင်ရွက်ရမည်။

(၂) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ဖြစ်လျှင် ကောင်စီ၏ ဆုံးဖြတ်ချက်မိတ္တူနှင့်အတူ လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

## အခန်း(၉)
## မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း

၂၆။ မှတ်ပုံတင်ကျန်းမာရေးမှူးသည် မှတ်ပုံတင်လက်မှတ် ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ သတ်မှတ်သည့် အထောက်အထားစာရွက်စာတမ်းများ၊ အခကြေးငွေပေးသွင်းထားသည့် ချလန်မူရင်းတို့နှင့်အတူ မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားနိုင်သည်။

၂၇။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို ရရှိလျှင် လျှောက်လွှာပါ အချက်များနှင့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ မရှိ စိစစ်ပြီး မိမိသဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

(ခ) ကောင်စီက မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် ဆုံးဖြတ်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးကြောင်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြရေးသွင်းထားရမည်။

## အခန်း(၁၀)
## လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၂၈။ ကောင်စီသည် -

(က) မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကောင်စီဝင် အနည်းဆုံး တစ်ဦးနှင့် သင့်လျော်သူများပါဝင်သော အောက်ပါလုပ်ငန်းအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၁) ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့နှင့် ရန်ပုံငွေရှာဖွေရေးလုပ်ငန်း အဖွဲ့၊

(၂) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်လုပ်ငန်းများ ညှိနှိုင်းကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းအဖွဲ့၊

(၃) လေ့ကျင့်ပညာပေးရေးလုပ်ငန်းအဖွဲ့၊

(၄) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့။

(ခ) ပုဒ်မခွဲ(က)ပါ အဖွဲ့များ ဖွဲ့စည်းရာတွင် ပေါင်း၍ဖွဲ့စည်းခြင်း၊ လိုအပ်သော အဖွဲ့ကိုသာ ရွေးချယ်ဖွဲ့စည်းခြင်း သို့မဟုတ် ထပ်မံလိုအပ်ပါက အဖွဲ့များကို တိုးချဲ့ဖွဲ့စည်းခြင်းကို လည်းကောင်း၊ အမြဲတမ်းဖွဲ့စည်းခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ဖွဲ့စည်းခြင်းကိုလည်းကောင်း လိုအပ်သလို ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသောအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်များ၏ အရည်အချင်းနှင့် ဦးရေတို့ကို လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် အဖွဲ့ဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို လည်းကောင်း သတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ သတ်မှတ်သော နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် အဖွဲ့ဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို ကောင်စီ၏ ရန်ပုံငွေမှ ကျခံရမည်။

(င) လုပ်ငန်းအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊ လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## ရန်ပုံငွေလက်ခံခြင်းနှင့် ဘဏ္ဍာငွေသုံးစွဲခြင်း

၂၉။ ကောင်စီသည် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံရယူနိုင်သည်။

၃၀။ ကောင်စီသည် ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ခံရယူနိုင်သည်။

၃၁။ ကောင်စီ၏ ရငွေနှင့် သုံးငွေများကို ကျန်းမာရေးမှူးအသင်း၏ စံသတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၃၂။ ကောင်စီ၏ ရငွေ၊ သုံးငွေများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအရ အသိအမှတ်ပြုထားသည့် ပြင်ပစာရင်းစစ်ဖြင့် စစ်ဆေးရမည်။ စာရင်းစစ်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း(၁၂)
## မှတ်ပုံတင်ကျန်းမာရေးမှူး၏ တာဝန်နှင့်အခွင့်အရေးများ

၃၃။ (က) မှတ်ပုံတင်ကျန်းမာရေးမှူးသည်-

(၁) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(၂) ကောင်စီက သတ်မှတ်သော နှစ်စဉ်ကြေးကို ပေးဆောင်ရမည်။

(၃) ကောင်စီက သတ်မှတ်သည့် မှတ်ပုံတင်ကျန်းမာရေးမှူး၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(၄) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လေ့ကျင့်သင်ကြားပေးခဲ့သော စောင့်ရှောက်မှု လုပ်ငန်းများဖြင့် ပြည်သူလူထုနှင့် လူနာများကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆေးကုသမှုပေးခြင်း ပြုရမည်။

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးသည်-

(၁) ကောင်စီ၏ လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြု တင်ပြနိုင်သည်။

(၂) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ် ရယူခွင့်ရှိသည်။

(၃) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်မှုတွင် ဆန္ဒမဲ ပေးပိုင်ခွင့်နှင့် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ခွင့် ရှိသည်။

## အခန်း(၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ မှတ်ပုံတင်ကျန်းမာရေးမှူးတစ်ဦးသည် ပုဒ်မ ၃၃ (က) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း ကောင်စီသည် အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ကျန်းမာရေးမှူးအသင်းမှ ထုတ်ပယ်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၃၅။ ကောင်စီသည် ပုဒ်မ ၃၄ အရ အရေးယူခြင်းခံရသော မှတ်ပုံတင်ကျန်းမာရေးမှူးကို ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ခုခံချေပခွင့် ပြုရမည်။

## အခန်း(၁၄)
## အယူခံခြင်း

၃၆။ ကောင်စီက ပုဒ်မ ၃၄ အရ ချမှတ်သည့် အမိန့် သို့မဟုတ် ပုဒ်မ ၂၂ (ဂ) နှင့် ၂၅ (ဂ) တို့အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၃၇။ ဝန်ကြီးသည် ကောင်စီက ချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။ အယူခံမှုတွင် ပုဒ်မ ၃၇ အရ ချမှတ်သည့် ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၅)
## အထွေထွေ

၃၉။ ကောင်စီ၏ရုံးလုပ်ငန်းများကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၄၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများကို ကောင်စီ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၄၁။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် ကောင်စီပိုင် တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ ဖြစ်ရမည်။ ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ဗိုလ်ချုပ်အောင်ဆန်း ခေတ္တတည်းခိုခဲ့သောဇရပ် ပြန်လည်ပြုပြင်နေမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေး

**ပြည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲက ပြည်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်း ခေတ္တစခန်းချတည်းခိုခဲ့သော ဦးချင်+ဒေါ်ရှေင်ဇရပ် ပြန်လည်ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က သမိုင်းတန်ဖိုးအလွန်ကြီးမားသော မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ခေတ္တစခန်းချတည်းခိုခဲ့သည့်နေရာဖြစ်၍ ရေးမူမပျက် ပြန်လည်ပြုပြင်ရာတွင် တာဝန်ရှိသူများအားလုံး အထူးသတိထားဆောင်ရွက်ကြစေလိုကြောင်း၊နောင်လာနောက်သားများအတွက် လွတ်လပ်ရေးသမိုင်းဝင် အမိကနေရာတစ်ခုဖြစ်သည့်အတွက် ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါဇရပ် ရေရှည်ထိန်းသိမ်း ပြန်လည်ပြုပြင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၇၅ သိန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း ခေတ္တစခန်းချတည်းခိုခဲ့သော ဦးချစ်+ဒေါ်ရှေင် ဇရပ်သည် ပြည်မြို့နယ် မယားမာန်ကျေးရွာအုပ်စု မယားမာန်ကျေးရွာတွင်ရှိပြီး ၁၉၄၅ ခုနှစ် မတ် ၂၆ ရက်က ဗိုလ်ချုပ်အောင်ဆန်း ခေတ္တစခန်းချ တည်းခိုခဲ့သောနေရာဖြစ်သည်။

**တင်စိုး(ပဲခူး)**





# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုပွဲတက်ရောက်

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ် အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၌ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက် အမှာစကားပြောကြားပြီး ဘိုးဘွားများအား ကူညီထောက်ပံ့သည့် မှတ်တမ်းဓာတ်ပုံပြခန်းကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ နှင့် သီလရှင်လေးများ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများက ဇကာဘေအကနှင့် ယောဂလေ့ကျင့်ခန်း သရုပ်ပြခဲ့ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေဖြင့် ၈၅ နှစ်အထက် သက်ကြီးအဘိုးအဘွား တစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလတစ်ခါ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အဘိုးအဘွား ၂၀၀၀၀ ကျော်ရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာန၏ စာရင်းအရ သိရသည်။

**ဆန်းကျော်ဦး ( ပြန် / ဆက်)**

# ထင်းအစားထိုးလောင်စာသုံး ထူးချွန်စံပြကျေးရွာများအား ဆုချီးမြှင့်

**ညောင်ဦး အောက်တိုဘာ ၆**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ထင်းအစားအခြားလောင်စာသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းတို့တွင် ရေရှည်ပူးပေါင်းဆောင်ရွက်မှုကောင်းသည့် ထူးချွန်စံပြကျေးရွာများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ ဝက်ကြီးအင်းရွာရှိ Umbra Hotel ၌ ကျင်းပသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်တို့က ထူးချွန်စံပြဆုရ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကြိုးကြာကျေးရွာ၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ထုံးမကြီးကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တပေါက်ရုံကျေးရွာတို့မှ ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ထင်းအစားထိုးလောင်စာများ၊ ဆိုလာပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ဖေလိန်း(ပုဂံ)**



# မန္တလေးမြို့တွင် မြန်မာ့ကော်ဖီပွဲတော်ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာ့ကော်ဖီပွဲတော် (၂၀၁၉) ကို မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်းတွင် အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။



အဆိုပါ ကော်ဖီပွဲတော်တွင် မြန်မာနိုင်ငံဒေသအသီးသီးမှထွက်ရှိသော ကော်ဖီများကို ခင်းကျင်းပြသလျက်ရှိပြီး ပြည်ပအဖွဲ့အစည်းများ၊ ကော်ဖီထုတ်လုပ်သူများ၊ကော်ဖီလုပ်ငန်းလုပ်ကိုင်သူများ၊ ကော်ဖီသွင်းအားစုလုပ်ကိုင်သူများ၊စားသောက်ဆိုင်လုပ်ကိုင်သူများ အစရှိသော ကော်ဖီလုပ်ငန်းများအပြင် ကော်ဖီပင်အမျိုးမျိုး၊ ကော်ဖီပင်ကြီးထွားပုံအဆင့်ဆင့်၊ ကော်ဖီစေ့ထုတ်လုပ်ပုံအဆင့်ဆင့်တို့အား ပြသထားသော ပြခန်းများလည်း ပါဝင်သည်။

အဆိုပါကော်ဖီပွဲတော်ကိုအောက်တိုဘာ ၆ ရက်မှ ၇ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၃၆ ခန်းပါဝင်ကာ မြန်မာ့ကော်ဖီအရည်အသွေးမြှင့်တင်ရန်နှင့် ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သား ၁၈၀၀၀၀ ကျော် အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၆**

ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သား ၁၈၀၀၀၀ ကျော်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုမိန့်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် ၂၈၂ ခုမှ ပြည်တွင်းလုပ်သား ၁၅၀၀၀၀ခန့်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း၊ ယခင်ခွင့်ပြုပြီးလုပ်ငန်းများမှလည်း လုပ်သားအင်အားတိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလုပ်သား ၁၆၀၀၀ ကျော်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုမှ ယခု ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သားများကို အလုပ်အကိုင်ဖန်တီးပေးနိုင်သကဲ့သို့ ပြည်ပလုပ်သား ၅၀၀၀ ကျော်ကိုလည်း အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇၁ ခုမှ အမေရိကန်ဒေါ်လာ ၃၇၉ ဒသမ ၆၅၈ သန်းအပါအဝင် ငွေကျပ် သန်းပေါင်း ၁၄၃၂၃၇၁ ဒသမ ၀၃၁ သန်း ရရှိထားပြီး ယခင်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၂၉၅ သန်း အပါအဝင် ငွေကျပ်သန်းပေါင်း ၁၆၉၄၅၆၈ ဒသမ ၀၈၀ သန်း ရရှိထားကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၈၂ ခုမှ အမေရိကန်ဒေါ်လာ ၂၇၆၄ ဒသမ ၁၂၈ သန်း ရရှိထားပြီး ယခင် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁၅၈ ဒသမ ၄၇၄ သန်း ရရှိထားကြောင်း၊ ထို့ပြင် အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီးရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၃၆၂ ဒသမ ၂၈၀ သန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၄၅၂၀ ဒသမ ၇၅၄ သန်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

■

## ပရဟိတမုန့်မျိုးစုံ အရောင်းပွဲတော် မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ မုန့်ပညာအခမဲ့ဖြန့်ဝေသူများအဖွဲ့နှင့် စေတနာရှင်၊ ကုသိုလ်ရှင်များစုပေါင်းပြုလုပ်သည့် ဒုတိယအကြိမ်မြောက် ပရဟိတမုန့်မျိုးစုံ အရောင်းပွဲတော်ကြီးကိုအောက်တိုဘာ ၅ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပသည်။

အဆိုပါပွဲတွင် မြန်မာ့ရိုးရာအစားအစာမုန့်များဖြစ်သည့် ကျောက်ကျော၊ ဆနွင်းမကင်းကအစ နိုင်ငံခြားမုန့်များဖြစ်ကြသည့် ကိတ်မုန့်၊ ပေါင်မုန့်များအပါအဝင် မုန့်မျိုးစုံဆိုင်ခန်းပေါင်း ၃၀ ကျော်ဖြင့် မြန်မာနိုင်ငံ မုန့်ပညာအခမဲ့ဖြန့်ဝေသူများအဖွဲ့နှင့် စေတနာရှင်၊ ကုသိုလ်ရှင်များက စုပေါင်းရောင်းချပေးခြင်း ဖြစ်သည်။

ယင်းပွဲ၏ အဓိကရည်ရွယ်ချက်မှာ ရေဘေးသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် တစ်တပ်တစ်အား ပါဝင်လှူဒါန်းနိုင်ရန် စုပေါင်း၍ ပရဟိတဈေးရောင်းပွဲတော်ကျင်းပခြင်းဖြစ်ပြီး ယင်းပွဲမှရရှိသည့် အမြတ်ငွေများကို မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ရေဘေးပြန်လည်ထူထောင်ရေးအတွက် အောက်တိုဘာ ၇ ရက်တွင် သွားရောက်လှူဒါန်းမည်ဖြစ်သည်။

မြန်မာနိုင်ငံ မုန့်ပညာအခမဲ့ ဖြန့်ဝေသူများအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်က ပထမအကြိမ် ကျင်းပခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် ပွဲဖြစ်သည်။ **အေးမင်းသူ**



## သီတင်းကျွတ်ပွဲတော်ကာလတွင် ကူးတို့ရေယာဉ်များ ပုံမှန်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၆**

သီတင်းကျွတ်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုကြမည့် ခရီးသွားပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ အနားယူ အပန်းဖြေကြမည့် ပြည်သူများအား ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်းမှတစ်ဆင့် အဆင့်မြင့် ချယ်ရီသင်္ဘောများဖြင့် ကူးတို့ပြေးဆွဲပေးလျက်ရှိရာ သီတင်းကျွတ်ပွဲတော်ကာလတွင် ခေါက်ရေလျှော့ပြေးဆွဲခြင်းမပြုဘဲ ပုံမှန်အချိန်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့မှာ ဘုရားဖူးသွားကြမယ့်ပြည်သူတွေနဲ့ ခရီးသွားပြည်သူတွေ အဆင်ပြေစေရေးအတွက် ပန်းဆိုးတန်းဆိပ်ကမ်းမှတစ်ဆင့် ဒလဆိပ်ကမ်းသို့ ချယ်ရီသင်္ဘောများဖြင့် အသွား၊ အပြန် ၄၆ ခေါက်နှုန်းနဲ့ ပုံမှန်အတိုင်း ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်၊ သီတင်းကျွတ်ပိတ်ရက်ဆိုတော့ ခရီးသည်လိုက်ပါစီးနင်းမှုများလို့ ခရီးသည်များ အဆင်ပြေစေရေးနဲ့ ဘေးကင်းလုံခြုံရေးအတွက် သင်္ဘောဝန်ထမ်းများနဲ့ ဒလ-ပန်းဆိုးတန်းဆိပ်ကမ်းတွေမှာရှိတဲ့ ဝန်ထမ်းများက အနီးကပ်ကြပ်မတ်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပန်းဆိုးတန်းဆိပ်ကမ်းမန်နေဂျာဒေါ်ခင်ခင်နုက အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက ပြောကြားသည်။

ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ရေယာဉ်ဆိပ်၌ ပြည်သူများ ဘေးကင်းလုံခြုံစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပို့ဆောင်ပေးနေသည့် ဆိပ်ကမ်းဖြစ်သလို ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလမြို့နယ်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ထွက် သွားလာလည်ပတ်မှု ပို၍များပြားလျက်ရှိကြောင်း သိရသည်။

ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ပြေးဆွဲနေသည့် ဂျပန်နိုင်ငံမှ လှူဒါန်းထားသော ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) အမည်ရှိ သင်္ဘောရေယာဉ်သုံးစင်းတို့ဖြင့် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားပြည်သူများစွာတို့၏ လူမှုရေး၊စီးပွားရေး၊ပညာရေးနှင့် ကျန်းမာရေးတို့အတွက် နေ့စဉ်ကူးတို့ပို့ဆောင်ပေးလျက်ရှိသလို စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ မြစ်တစ်ဖက်ကမ်းတွင်တည်ရှိသော ဒလမြို့နယ်သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားစွာဖြင့် အများဆုံးလာရောက်လည်ပတ်လျက်ရှိသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လူအစည်ကားဆုံးဆိပ်ကမ်းတစ်ခုပင် ဖြစ်သည်။ **နိုင်လင်းကျော်(ဒလ)**



## ဖယ်ခုံမြို့နယ်တွင် အလှမယ်ပြိုင်ပွဲကျင်းပ

**ဖယ်ခုံ အောက်တိုဘာ ၆**

တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်၌ Miss & Mrs Summer Global Myanmar 2019 (Pekhon) ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲဝင်အလှမယ်များက Open Dancer အကဖြင့် ဖျော်ဖြေပြီး တစ်ဦးချင်းစီမိတ်ဆက်ခဲ့ကြသည်။ ပြိုင်ပွဲတွင် Miss ပြိုင်ပွဲဝင် ငါးဦးနှင့် Mrs ပြိုင်ပွဲဝင် ၁၁ ဦး စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်သည်။

ပြိုင်ပွဲဝင်များက မြန်မာတိုင်းရင်းသားဝတ်စုံဖြင့်လည်းကောင်း၊ ညနေခင်းဝတ်စုံ (ဂါဝန် )ဖြင့် လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

Miss & Mrs Summer Global Myanmar 2019 (Pekhon) Miss ပြိုင်ပွဲတွင် Winner ဆုကို ခါးနံပါတ် ၁ သွယ်ဖူးအောင်ကလည်းကောင်း၊ Mrs ပြိုင်တွင် Winner ဆုကို ခါးနံပါတ် ၉ စုမြတ်စန္ဒီကလည်းကောင်း ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် Winner ဆုရရှိသူများအနေဖြင့် မန္တလေးမြို့တွင်ကျင်းပမည့် ပြိုင်ပွဲတွင် ဆက်လက်ပါဝင် ယှဉ်ပြိုင်နိုင်မည့်အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ Pekhon Winner ဆုရှင် City Director မဇင်မာအောင်က ပြောကြားသည်။ **ကိုထွေး(ဖယ်ခုံ)**

# အားကစား

## ရလဒ်ပိုင်းဆိုးရွားခဲ့ပေမယ့် ထုတ်ပယ်ခံရမှာကို မစိုးရိမ်ဘူးဆိုတဲ့ ပိုချက်တီနို



စပါးအသင်းနည်းပြ ပိုချက်တီနိုဟာ အသင်းရဲ့ ရလဒ်ပိုင်းတွေဆိုးရွားနေခဲ့ပေမယ့် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံရမှာကို မစိုးရိမ်ကြောင်း ပြောကြားလာပါတယ်။

စပါးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၈ မှာ ဘရိုက်တန်အသင်းရဲ့အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း ဘိုင်ယန်မြူးနစ်အသင်းကို ခုနစ်ဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် စပါးအသင်းဟာ ပြီးခဲ့တဲ့လက ကိုလ်ချက်စတာအသင်းနဲ့ ကစားခဲ့ရတဲ့ ကာရာဘာအိုဖလားပွဲစဉ်မှာလည်း ပင်နယ်တီအဆုံးအဖြတ်မှာ ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

အဲဒါကြောင့် စပါးအသင်းနည်းပြရာထူးအတွက် စိုးရိမ်ပူပန်မှုရှိပါသလားလို့ မေးခဲ့တဲ့အခါမှာတော့ နည်းပြ ပိုချက်တီနိုက သူ့အနေနဲ့ ထုတ်ပယ်ခံရမှာကို စိုးရိမ်မှု မရှိဘူးလို့ ဆိုပါတယ်။ လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာလည်း ရမှတ် ၂၄ မှတ် ရရှိရမယ့်အစား ၁၁ မှတ်သာ စုဆောင်းနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲအရပ်ရပ်မှာ ၁၇ ပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့တာလည်း ဖြစ်ပါတယ်။

နည်းပြ ပိုချက်တီနိုဟာ စပါးအသင်းကို ၂၀၁၄ ခုနှစ်မှာ စတင်တာဝန်ယူ ကိုင်တွယ်ခဲ့တာဖြစ်ပြီး စပါးအသင်းအတွက် ရလဒ်ပိုင်းကောင်းမွန်မှုတွေရှိခဲ့ပေမယ့် အခု ၂၀၁၉ ခုနှစ်မှာတော့ ရလဒ်ပိုင်းက တော်တော်လေးဆိုးရွားခဲ့တာကြောင့် စပါးအသင်းနည်းပြအဖြစ် ပိုချက်တီနို ဆက်ရှိနေမလားဆိုတဲ့ မေးခွန်းတွေရဲ့ ထိုးနှက်မှုကို ခံနေရတာဖြစ်ပါတယ်။ ဒါပေမယ့် နည်းပြ ပိုချက်တီနိုကတော့ ထုတ်ပယ်ခံရမယ်ဆိုရင်တောင် စိုးရိမ်ပူပန်မှု မရှိဘူးလို့ဆိုပါတယ်။

## ဘုန်းမောက်တိုက်စစ်မှူး ဝီလ်ဆင်ကို မန်ယူအသင်းက ခေါ်ယူဖို့စီစဉ်နေ

မန်ယူအသင်းဟာ ဘုန်းမောက်အသင်းရဲ့ တိုက်စစ်မှူး ကော်လမ်ဝီလ်ဆင်ကို လာမယ့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားအနေနဲ့ တိုက်စစ်ပိုင်း အားနည်းချက်တွေကို ပြင်ဆင်ဖို့ လာမယ့်အပြောင်းအရွှေ့ကာလအတွင်းမှာ ပြင်ဆင်ဖို့ရည်ရွယ်ထားတာဖြစ်ပြီး အပြောင်းအရွှေ့ ဈေးကွက်ပြန်ဖွင့်ရင် တိုက်စစ်မှူး ဝီလ်ဆင်ကို ခေါ်ယူမယ်လို့ ဆိုပါတယ်။

မန်ယူအသင်းဟာ တိုက်စစ်မှူး လူကာကူကို အင်တာမီလန်အသင်းဆီ ရောင်းချခဲ့တာကြောင့် လက်ရှိအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ရက်ရှ်ဖို့ဒ်၊ မာရှယ်လ်နဲ့ ဂရင်းဝုဒ်တို့ကို အားကိုးနေရတာ ဖြစ်ပါတယ်။

အင်္ဂလန်ကြယ်ပွင့် ဝီလ်ဆင်ဟာ နည်းပြ ဆောက်ဂိတ်ရဲ့ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ ၂၀၂၀ ပြည့်နှစ် ဇွန်လမှာကျင်းပမယ့် ယူရိုပွဲစဉ်မှာလည်း ပါဝင်ကစားခွင့်ရရှိမှာဖြစ်ပါတယ်။

ဝီလ်ဆင်ဟာ လက်ရှိအချိန်မှာ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ သုံးပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုးတစ်ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။ ဝီလ်ဆင်ဟာ ဘုန်းမောက်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်တာကြောင့် ဥရောပကလပ်အသင်းတချို့ရဲ့ စောင့်ကြည့်မှုကို ခံထားရတာဖြစ်ပါတယ်။



**ငွေကြယ် - ရေးသားသည်**

## တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသားခရီးသွားများ တစ်ပတ်အတွင်း ၂၆၇၀၀ ကျော် ဝင်ရောက်



**တာချီလိတ် အောက်တိုဘာ ၆**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်မှအောက်တိုဘာ ၃ ရက်အထိ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၆၇၅၅ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေ တောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာသိမြင် ခံစားနိုင်စေရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၅၁၂၆ ဦး၊ တတိယနိုင်ငံသား(နိုင်ငံခြားသား) ၃၅၆ ဦး၊ တာလေ-လန့်တောင်းဘုရားသို့ ထိုင်းနိုင်ငံသားငါးဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်နှင့်ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၅၆ ဦး၊ ပြည်တွင်းခရီးစဉ်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၂၁၂ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှအောက်တိုဘာ ၃ ရက်အထိနေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၈၇၅၇၉၁ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၁၁၉၅၈ ဦး၊ လန့်တောင်းဘုရားသို့ နေ့ချင်းပြန် ထိုင်းနိုင်ငံသား ၃၀၆ ဦး၊ မိုင်းဖုန်း နေ့ချင်းပြန် ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသား ၁၁၃ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်တွင် ၈၀၆၄ ဦး၊ ဗီဇာ (ဗီဇာကင်းလွတ်ခွင့်) ဖြင့် ပြည်တွင်းခရီးစဉ်သို့ ၄၇၇၁၂ ဦး စုစုပေါင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၉၄၃၉၄၄ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## မိတ္ထီလာဓာတ်ပုံအသင်း၏ ပထမဆုံး မော်ဒယ်အလှဓာတ်ပုံပြိုင်ပွဲကျင်းပ



**မိတ္ထီလာ အောက်တိုဘာ ၆**

မိတ္ထီလာဓာတ်ပုံအသင်း၏ ပထမဆုံး မော်ဒယ်အလှဓာတ်ပုံပြိုင်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက မုန်တိုင်ကျေးရွာရှိ ထီလာ-ပုဂံ ရှေးဟောင်းဘုရားဝင်းတွင် ကျင်းပသည်။

မိတ္ထီလာဓာတ်ပုံအသင်း၏ ပထမဆုံးဓာတ်ပုံပြိုင်ပွဲတွင် အောင်ကျော်ဇော (မန်းတက္ကသိုလ်) ၏ စီစဉ်မှုဖြင့် မော်ဒယ်သရုပ်ဆောင် အင်ကြင်းဖူးက မေတ္တာဖြင့် သရုပ်ဆောင်ပေးခဲ့ပြီး ဓာတ်ပုံပညာချစ်မြတ်နိုးသူ ဓာတ်ပုံဝါသနာရှင် ပြိုင်ပွဲဝင် ၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ရိုက်ကူးကြသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများရိုက်ကူးခြင်းကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် မုန်တိုင်ကျေးရွာနှင့် ညနေပိုင်းတွင် မြို့မရပ်ကွက် လွတ်လပ်ရေးပန်းခြံ၌ ပြုလုပ်သည်။ **ချမ်းသာ (မိတ္ထီလာ)**

## အလုံမြို့နယ် ပြန်/ဆက်ရုံး၌ အခြေခံအင်္ဂလိပ်စာသင်ကြားပို့ချ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၃၀ ရက် (သောကြာနေ့) မှစ၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ အပတ်စဉ် သောကြာနေ့တိုင်း ညနေ ၃ နာရီခွဲမှ ၄ နာရီခွဲအထိ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းကို အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလုံမြို့နယ်ရှိ သာလွန်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် အခြေခံပညာကျောင်းများ၌ စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၅၉ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

သာလွန်ကိုယ်ပိုင်အထက်တန်းကျောင်းမှ တာဝန်ခံဆရာ Mr. Shawn၊ ဆရာမ ဒေါ်ကြည်ကြည်သိန်း၊ ဆရာမဒေါ်ဇင်ဇင်သိမ့်၊ ဆရာမဆုစန္ဒာဝင်းတို့က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မောင်မောင်(လှိုင်စစ်)**





## ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းပွဲ ပေါင်းတည်တွင် ကျင်းပ

**ပေါင်းတည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သိမ်ကုန်းကျေးရွာ၌ အထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအေးချိုနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားသည်။

ကျောင်းဆောင်သစ်အား စေတနာရှင်များကစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၂၁သိန်းဖြင့်ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့သည့် အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ ဝါးထရံကာ၊ တစ်ထပ်သစ်သားကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

## ကမ္ဘာ့ဆရာများနေ့အခမ်းအနားများကျင်းပ

**သီပေါ**

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အသက် ၇၀ အထက် ဆရာကြီး ဆရာမကြီး ၅၁ ဦးတို့အား ဂါရဝပြုကန်တော့ကြပြီး ဆရာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့် အသုံးအဆောင်ပစ္စည်းများကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**ဝန်းသို**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပဉ္စမအကြိမ်မြောက် သက်ကြီးဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝန်းသို) မြတ်ဆရာခန်းမ၌ ကျင်းပသည်။

ဝန်းသိုမြို့နယ်အတွင်းနေထိုင်ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ပညာရေးဝန်ထမ်းများ စုစုပေါင်း ၁၀၃ ဦးကို တက်ရောက်လာကြသူများက ပူဇော်ကန်တော့ကြပြီး ဝတ္ထုငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်လှူဒါန်းကာ ပင်စင်စားဆရာကြီး ဦးလှထွန်းက ဆရာကြီး ဆရာမကြီးများကိုယ်စား ဩဝါဒချီးမြှင့်ပေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ပညာရေးမှူးရုံးမှ စီစဉ်ကျင်းပသော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ကမ္ဘာ့ဆရာများနေ့တွင် အခြေခံပညာကျောင်းအသီးသီးမှ အသက် ၇၅ နှစ်နှင့်အထက် ဆရာ ဆရာမကြီး ၅၅ ဦးတို့အား ဂါရဝပစ္စည်းနှင့် ကန်တော့ငွေများ ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

**ကျောက်ပန်းတောင်း**

သက်ပြည့်အငြိမ်းစားယူခဲ့ကြပြီးဖြစ်သော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ် မူလတန်းလွန်ကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ အသက် ၆၀ နှင့်အထက် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီး စုစုပေါင်း ၁၂၄ ဦးရှိသည့်အနက် ၉၂ ဦး တက်ရောက်ကန်တော့ခံခဲ့ကြပြီး မြို့နယ်ပညာရေးမှူး (တာဝန်ခံ) ဦးရဲမြင့်နှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမစုစုပေါင်း ၂၅၀ ကျော်ကို ကန်တော့ခဲ့ကြကြောင်း သိရသည်။ **ဝ၅၄**

## သဘာဝဘေးကြောင့် မိုးစပါးပျက်စီးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေများပေးအပ်

**ထန်းတပင် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ် မိုးရာသီကာလက သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိခိုက်ပျက်စီးခဲ့သော ဒေသအသီးသီးမှ တောင်သူများ တက်ရောက်ခဲ့သည်။ တောင်သူများအား ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ရှင်းလင်းပြောကြားခဲ့ပြီး သဘာဝဘေးကြောင့်ပျက်စီးခဲ့သော မိုးစပါးစိုက်ဧက ၆၃၇၆ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၆၃၇၆၀၀၀၀ အား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဗောဓိပက္ခိယတရား(၃၇)ပါးနှင့် ဝိပဿနာဉာဏ်စဉ် (၁၆)ပါး ကျင့်စဉ်တရား




စာရေးသူ ဦးပြည်မျိုးလှိုင် (ဝိပဿနာသေက္ခပုဂ္ဂိုလ်)ပြုစုရေးသားသည့် ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အခြေခံ၍ဗောဓိပက္ခိယတရား(၃၇)ပါးနှင့် ဝိပဿနာဉာဏ်စဉ် (၁၆) ပါး ကျင့်စဉ်တရား စာအုပ်ထွက်ရှိလာသည်။

မြတ်ဗုဒ္ဓ၏ အခြေခံကျင့်စဉ်ဖြစ်သော ဖော်ပြပါတရားတော်တို့သည် သံသရာဝဋ်ဆင်းရဲမှ အမှန်လွတ်မြောက်ကြောင်း (ဝိမုတ္တိ-သုခ)နိဗ္ဗာန် ချမ်းသာကို အမှန်ရောက်ရှိနိုင်ကြောင်းဖြစ်သော တရားတော်တို့ကို နာယူ၊ ကျင့်ကြံ၊ အားထုတ်လိုလျက် အလုပ်မအား၍၊ ကျန်းမာရေးမကောင်း၍၊ တရားရိပ်သာ မဝင်နိုင်၍ဟူသော အကြောင်းအမျိုးမျိုးတို့ကြောင့် တရားမနာယူရသော၊ တရားအားမထုတ်နိုင်သော ယောဂီ၊ ပုဂ္ဂိုလ်တို့အား ရည်ရွယ်၍ ဖော်ပြထားသည်။ ဉာဏ်ပညာဖြင့်သိရန်၊ ဆောင်ရန်၊ ရှောင်ရန်၊ ကျင့်ကြံနိုင်ရန်အတွက် စာမျက်နှာ ၄၀၈ မျက်နှာပါစာအုပ်ကို ဓမ္မဒါနအဖြစ် လှူဒါန်းသွားမည်ဖြစ်သည်။

စာအုပ်ကို ဦးပြည်မျိုးလှိုင်၊ အမှတ်(၄၄)၊ ဒုတိယထပ်(၃-လွှာ)၊ ဝေဠုဝန်လမ်းကျယ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၅၁၃၄၅၅၆ နှင့် ၀၉ ၇၉၁၆၇၄၄၃၇ သို့ ဆက်သွယ်နိုင်သည်။

## မဟတ္တမဂန္ဒီ သို့မဟုတ် ဇမ္ဗူတစ်လွှား ပြိုင်စံရှားတဲ့ အာဂလူသား





မူရင်းစာရေးဆရာမ ရိုဝီနာအေကင်ယီမီရေးသားပြီး စာရေးသူ ကျော့မောင် (မင်္ဂလာတောင်ညွန့်)ဘာသာပြန်ဆိုသည့်မဟတ္တမဂန္ဒီ သို့မဟုတ် ဇမ္ဗူတစ်လွှား ပြိုင်စံရှားတဲ့ အာဂလူသား စာအုပ်ထွက်ရှိလာသည်။

သူ့နိုင်ငံကို ကျူးကျော်အုပ်စိုးသိမ်းပိုက်ခဲ့သည့် နယ်ချဲ့အင်္ဂလိပ်အစိုးရကို ဆန့်ကျင်တွန်းလှန်ရင်း အင်အားအဆမတန်ကြီးမားသည့် အုပ်စိုးသူများက ကြမ်းကြုတ်ရက်စက်သည့် နည်းလမ်းပေါင်းစုံနှင့် မည်သို့ပင် နှိပ်ကွပ်ချေမှုန်းသည့်တိုင် ပြန်လည်တုံ့ပြန်အကြမ်းမဖက်ဘဲ သည်းခံစိတ်ရှည်စွာ အနုနည်းနှင့် ပြန်လည်ခုခံခြင်းဖြင့် အဆုံးတစ်နေ့တွင် အောင်ပွဲခံနိုင်ခဲ့ပုံကို လက်တွေ့ပြသခဲ့သည့် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီအကြောင်းကို ရေးသားထားသည်။

စာအုပ်ကို-ရွှေပြည်တန်စာပေ၊ အမှတ်-၁၂၂၊ ၃-လွှာ၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၀၀၂၇၆ နှင့် ၀၉ ၈၉၉၁၈၄၅၇၇ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## တရားမလျှောက်လဲချက်နမူနာများ (၃)




ခနဲဖြူဦးသန်းဆွေ (တရားလွှတ်တော်ရှေ့နေ) စီစဉ်ရေးသားသည့် တရားမလျှောက်လဲချက်နမူနာများ(၃) စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တရားရုံးအဆင့်ဆင့်၌ လျှောက်လဲချက်ပေးခြင်းသည်အမှုကို ဥပဒေနှင့်အညီ မှန်ကန်စွာဆုံးဖြတ်ချက်ပေးနိုင်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်ဖြစ်သည်။ ပြဿနာ၏အဖြေမှန်ကို ဖော်ထုတ်တင်ပြရာတွင် နှစ်ဖက်ရှေ့နေများသည် ဥပဒေအထောက်အထား၊ စီရင်ထုံး အကိုးအကားပြည့်စုံစွာ စကားစစ်ထိုးသည့်အသွင်ဖြင့် လျှောက်ထားကြရမည်ဖြစ်ပြီး ဥပဒေပညာရပ်ဆိုင်ရာ အသုံးပြုနေသူများ မရှိမဖြစ်ဆောင်ထားသင့်သည့် ဥပဒေပညာပေးစာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို-အားမာန်သစ်စာပေ၊ အမှတ်-၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၉၄၆၈၅၊ ၀၉ ၄၄၃၀၄၁၀၇၈ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## ချစ်သူတစ်ရာ အတွေးခံစားမှု




အသည်းမကွဲဖူးသူများနှင့် ရည်းစားမထားဖူးသူများ လုံးဝမဖတ်ရပာ စာရေးသူ အကြီးကိုကို(ကသာ) စီစဉ်ရေးသားသည့် ချစ်သူတစ်ရာ အတွေးခံစားမှုစာအုပ် ထွက်ရှိလာသည်။

စာရေးသူ၏ချစ်သူအပေါ် ရင်မှဖြစ်ပေါ်လာသည့်ခံစားချက်များကို အရှိုးခံအတိုင်း၊ ခံစားနေရသည့်အတိုင်း ချရေးထားသော အတွေးခံစားမှုများသာဖြစ်သည်။ ချစ်သူအပေါ် ချစ်လျှင် ချစ်သည်၊ မုန်းလျှင် မုန်းသည်၊ လွမ်းလျှင်လွမ်းသည်၊ မေ့ချင်လျှင်မေ့ချင်သည်ဟုရေးထားသည်။ ချစ်သူတစ်ရာ အပေါ်တွင် စာရေးသူ၏ ရိုးသားမှုများကို မြင်အောင်ကြည့်စေချင်၏။ အမှန်မှာ ချစ်သူဟုဆိုသည်ထက် ချစ်ရသူဟုသာ ဆိုချင်ပါသည်။ အဘယ်ကြောင့် ဆိုရသော် ချစ်သူတစ်ရာသည် စာရေးသူဘက်မှ တစ်ဖက်သတ်ချစ်ရသူများကို ခံစားပြီး ရေးသားထားသည်များလည်း ပါဝင်နေသောကြောင့်ဖြစ်သည်။

စာအုပ်ကို-၇၇၇၇ စာပေ၊ ၃၈-လမ်းပလာဇာ၊ ၃၈ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၇၇၇၇၁၃၃၁၇ နှင့် ၀၉ ၂၅၀၂၆၅၉၂၅ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ၏ ဆုံးမသြဝါဒများ




ဟိတေသီနေလ အရှင်နိပုဏ စီစဉ်ရေးသားသည့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ၏ ဆုံးမသြဝါဒများ စာအုပ်ထွက်ရှိလာသည်။

ယနေ့မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာ့နိုင်ငံအသီးသီး၌ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ ပညာရေးစသည့် အရေးတို့တွင် အထက်တန်းသို့ ရောက်ရှိနေကြသော ရဟန်းရှင်လူ အမျိုးသား၊ အမျိုးသမီးပုဂ္ဂိုလ်များ အမြောက်အမြားရှိကြသည်။ ထိုပုဂ္ဂိုလ်တို့သည် အဆုံးအမသြဝါဒနှင့်ကင်း၍ ရောက်ကြသည်မဟုတ်ပေ။ အဆုံးအမများကို လိုက်နာခံယူခဲ့ကြခြင်းတို့ကြောင့်သာရောက်ရှိနေခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့သည် မိဘတို့၏အဆုံးအမ၊ လူကြီးသူမတို့၏အဆုံးအမ၊ ဆရာသမားတို့အဆုံးအမ၊ ကြီးကဲသူတို့၏ အဆုံးအမများဖြင့် ရောက်ရှိနေခြင်းဖြစ်သောကြောင့် မိဘ၊ ဆရာသမားနှင့် လူကြီးသူမတို့၏အဆုံးအမကို နာခံသင့်ကြောင်း ရေးသားထားသည်။

စာအုပ်ကို သစ္စာမဏ္ဍိုင်၊ ပိဋကတ်စာအုပ်ဆိုင်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဖုန်း-၀၉၅၁၂၅၂၈၅မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## မက္ကာဒေးမီးယား (Macadamia) စိုက်ပျိုးဝင်ငွေတိုး ဒေသဖွံ့ဖြိုး




စာရေးသူ ရတနာစိုး (အမျိုးသားစာပေဆုရ) ပြုစုရေးသားသည့် မက္ကာဒေးမီးယား (Macadamia) စိုက်ပျိုးဝင်ငွေတိုး ဒေသဖွံ့ဖြိုးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မက္ကာဒေးမီးယားစိုက်ပျိုးထုတ်လုပ်မှုအကြောင်း၊ မြန်မာနိုင်ငံသို့ရောက်ရှိလာပုံ၊ စိုက်ပျိုးရန်နေရာရွေးချယ်ခြင်း၊ မျိုးရွေးခြယ်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ကိုင်းကူး၊ ကိုင်းဆက်ခြင်း၊ အပင်ပြုစုစိုက်ပျိုးခြင်း၊ ကုန်ချောထုတ်လုပ်ပုံ၊ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု၊ ကုန်ကျငွေနှင့် အရင်းကျေကာလ တွက်ချက်မှု၊ အနာဂတ်ဈေးကွက်အခြေအနေများကို ရေးသားထားသည်။

စာအုပ်ကို-ရတနာတင့်စာပေတိုက်၊ ခြံအမှတ်-၂၅၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့ ဖုန်း-၀၉ ၄၀၄၀၇၇၇၈၈ နှင့် ၀၉ ၄၀၄၀၇၇၇၉၉ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကမ္ဘာ့အားကစား အကျော်အမော် ၁၀၀





စာရေးသူ မိုးသိမ်း စီစဉ်ရေးသားသည့် ကမ္ဘာ့အားကစားအကျော်အမော် ၁၀၀ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကမ္ဘာ့အားကစားနယ်ပယ်အသီးသီးတွင် အောင်မြင်ကျော်ကြားခဲ့သော၊ အောင်မြင်ကျော်ကြားဆဲဖြစ်သော အားကစားသမားတို့၏ အကြောင်းအရာများကို စာဖတ်သူတို့သိရှိနိုင်စေရန် သူတို့၏ အောင်မြင်မှုများ၊ ကိုယ်ရေးအကျဉ်း၊ သူတို့ကမွှည်းတင်ခဲ့သောစံချိန်နှင့် ကွယ်လွန်သွားသောသူများဖြစ်ပါက ကွယ်လွန်သွားသော ပြည်နယ်၊ ခုနှစ်များကိုပါ အသေးစိတ်ဖော်ပြထားသည်။ အဆိုပါအားကစားသမားများ၏ စွမ်းရည်ကို ယနေ့ခေတ်လူငယ်များ အားကျမှတ်သား အတုယူနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို-မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ ဖုန်း-၀၉ ၇၇၃၇၇၄၇၃၃ နှင့် ၀၉ ၈၃၉၂၈၃၅ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပိဿာလေးဘေးပစ် ကာတွန်းများ




ကာတွန်းစာပေဖတ်ရှုလိုသူများအတွက် ဆရာနေမျိုးအေး ရေးဆွဲသည့် ပိဿာလေးဘေးပစ် ကာတွန်းများ စာအုပ်ထွက်ရှိလာသည်။

ယခုထုတ်ဝေဖြန့်ချိလိုက်သော ပိဿာလေးဘေးပစ် ကာတွန်းများ စာအုပ်သည် ပဥ္စမအုပ်မြောက် ကာတွန်းပေါင်းချုပ်စာအုပ် ဖြစ်သည်။ စာအုပ်ပါ ကာတွန်းများသည် တတိယတန်းစားကာတွန်းများဖြစ်နေလင့်ကစား ပစ္စုပ္ပန်ပေးတာဝန်ကို ကျေပွန်အောင် ရိုးသားစွာထမ်းဆောင်ထားသည့် ကာတွန်းများဖြစ်ကြောင်းနှင့် ခေတ်သရုပ်ကို စစ်ထုတ်သရော်ထားသည့် ခေတ်ပြိုင်ခံစားမှုကာတွန်းများကို ဖော်ပြထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို-ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းလောင်းပွဲကျင်းပမည်

**သီပေါ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်သီပေါမဟာမြတ်မုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၊ (၁၂၄) ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မြို့နယ်လုံးကျွတ် သံဃာ့ဒါနဆွမ်းကြီးလောင်းပွဲ ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက မဟာမြတ်မုနိ ဘုရားကြီးအရှေ့ဘက် ရင်ပြင်တော်၌ ကျင်းပသည်။

ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေးနှင့် မြို့နယ်ဥပဋ္ဌာကဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ပွဲတော်ကျင်းပရေးအစီအစဉ်များကို ရှင်းလင်းတင်ပြကာ လုပ်ငန်းဆပ်ကော်မတီများအလိုက် တာဝန်များပေးအပ်သည်။

ဘုန်းတော်ကြီးကျောင်းပေါင်း ၈၇ ကျောင်းမှ ရဟန်းသာမဏေအပါး ၃၀၃၀ တို့ကို စာရေးတံမဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မော်လမြိုင်ကျွန်း တာဝတိံသာ ဝါကျွတ်ဘုရားကြွချီပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၆**

(၇၈) ကြိမ်မြောက် တာဝတိံသာဝါကျွတ်ဘုရားကြွချီ သီတင်းကျွတ်ပွဲတော်ကို တာဝတိံသာ ဘုရားဂေါပကအဖွဲ့က ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသာဝတိံသာ ဘုရားဆင်းဝါကျွတ်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို သီတင်းကျွတ်လဆန်း ၁၄ ရက် ညနေ ၅ နာရီတွင် လည်းကောင်း၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ သစ်သီးတစ်ထောင် ကပ်လှူပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့တွင်လည်းကောင်း၊ တာဝတိံသာနတ်ပြည်မှ သိကြား၊ နတ်၊ ဗြဟ္မာများ ခြံရံလျက် တာဝတိံသာ ဘုရားကြွချီပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညစနာရီတွင်လည်းကောင်း၊ တာဝတိံသာ မြတ်စွာဘုရား မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံပွဲကို သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုအပေါ် ထောက်ပံ့ငွေများပေးအပ်

**သနပ်ပင် အောက်တိုဘာ ၆**

၂၀၁၈ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုအပေါ် ထောက်ပံ့ငွေများပေးအပ်ပွဲကို ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီရုံးခန်းမ၌ အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ သဘာဝဘေးကြုံတွေ့ခဲ့ရသော တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းများအရှိန်အဟုန်မပျက်စေရန်နှင့် လယ်ယာကဏ္ဍထုတ်လုပ်မှု လျော့ကျမှုမရှိစေရန်အတွက် ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ သီးနှံပျက်စီးမှုများတင်ပြကြရာတွင်အောက်ခြေအဆင့်မှ စတင်၍ စာရင်းများမှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဖြစ်စေရေးအလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ထောက်ပံ့ငွေများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။ **အောင်မိုး**





## သက်ငယ်မုဒိမ်းမှုတားဆီးကာကွယ်ရေးအသိပညာပေး

**မိုးကောင်း အောက်တိုဘာ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ ကြီးမှူး၍ သက်ငယ်မုဒိမ်းမှု တားဆီးကာကွယ်ရေးနှင့် ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ မိုးကောင်းမြို့တော်ခန်းမ၌ ကျင်းပသည်။

သက်ငယ်မုဒိမ်းမှု တားဆီးကာကွယ်ရေး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး၏ ညွှန်ကြားချက်များ၊ ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများအကြောင်းတို့ကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ကြသည်။

**ဝင်းနိုင်(ကချင်မြေ)**

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသစ်ဖွင့်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၆**

ကျောက်ပန်းတောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးသစ်ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက လွတ်လပ်ရေးရပ်ကွက် ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီးဘေးရှိ အဆိုပါရုံးသစ်၌ ကျင်းပသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ သမိုင်းကြောင်းကိုပြောကြားပြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးနှင့်ပတ်သက်သည့် အဆောက်အအုံဆောက်လုပ်မှုမှတ်တမ်းအား Myanmar Golden Hill Co., Ltd မှ ဦးဖြိုးမင်းသုံကတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မင်းအောင်ထံ လွှဲပြောင်းပေးအပ်သည်။ **ဝ၅၄**

## စစ်ကိုင်းတောင်ရိုးလမ်းတစ်လျှောက် စုပေါင်းအမှိုက်ကောက်

**စစ်ကိုင်း အောက်တိုဘာ ၆**

စစ်ကိုင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး လှုပ်ရှားမှုကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအမှိုက်ကောက်သန့်ရှင်းရေး လှုပ်ရှားမှုကို စစ်ကိုင်းခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၀၀ ခန့်နှင့် စစ်ကိုင်းမြို့ ကိုးပေးတံတားမှ တောင်ရိုးတစ်လျှောက် (ကနီကွေ့)အထိ စုပေါင်းအမှိုက်သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**



## တိုတိုထွာထွာဖတ်စရာ

### စာအုပ်မိတ်ဆက်ပွဲကျင်းပ

**မန္တလေး**

စာရေးဆရာ ကြည်မင်းဝေ (ဆင်ကျွန်း)၏ မိုးသည်းသောညနှင့် အခြားဝတ္ထုတိုများစာအုပ်မိတ်ဆက်ပွဲအခမ်းနားကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ x ၃၅ လမ်းကြား၊ လမ်း ၆၀ ရှိ ဘာဝနာဂုဏ်ရည်ကျောင်းတိုက်၌ ကျင်းပသည်။

စာရေးဆရာ ကြည်မင်းဝေ(ဆင်ကျွန်း)က မိုးသည်းသောညနှင့် အခြားဝတ္ထုတိုများစာအုပ်ဖြစ်ပေါ်လာအောင် ဖန်တီးကြိုးစားမှုများ၊ တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းပြောကြားခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

### မီးဘေးအထောက်အကူပြုရန် ရေသယ်ယာဉ်ပြုပြင်

**ရန်ကုန်**

ပွင့်လင်းရာသီကာလတွင် ရေရှားပါးရာဒေသများသို့ သောက်ရေ၊ သုံးရေများအခမဲ့လှူဒါန်းနိုင်ရန်နှင့် မီးလောင်မှုဖြစ်ပွားနေသော နေရာများသို့ သွားရောက်ကူညီနိုင်ရန် Sino Truck အမျိုးအစားဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ကို မရမ်းကုန်းမြို့နယ်အခြေပြု "ရွှေရောင်သမိုင်း" အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်း (ERSSDO) အသင်းအနေဖြင့် ပြင်ဆင်မှုများဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း**

### ကြာဆံကုန်ကြမ်းဈေးမြင့်၊ ကုန်ချောဈေးမကောင်း

**မုံရွာ**

ကြာဆံလုပ်ငန်းသည် ကုန်ကြမ်းဈေးမြင့်ပြီး ကုန်ချောဈေးနိမ့်ကာဈေးကွက်မကောင်းသည့်အတွက် ကြာဆံစက် ၂၀ ရာခိုင်နှုန်းမှာ လုပ်ငန်းနားထားကြရကြောင်း သိရသည်။

"ကုန်ကြမ်းပဲ တစ်တင်းကို ကျပ် ၂၅၀၀၀ နဲ့ဝယ်ရတယ်။ ကုန်ချောပဲကြာဆံ တစ်ပိဿာကို ငွေကျပ် ၃၈၀၀ ဈေးနဲ့ ရောင်းရတယ်။ ပဲတစ်တင်းကို ကြာဆံ ငါးပိဿာထွက်တယ်" ဟု မြလင်းလဝန်း ပဲကြာဆန်လုပ်ငန်းပိုင်ရှင် ဦးဝေတင့်က ပြောသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

### ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ကျင်းပ

**ရန်ကုန်**

(၅၅)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက်က တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ဓမ္မာရုံ၌ ကျင်းပသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်နိုင်ထွန်းနှင့်ဇနီးတို့ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သန်းဝင်း**

### မြို့သစ်မြို့နယ်၌ စက်ရေတွင်းတူးဖော်

**မြို့သစ်**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ရေရှားပါးသည့် သားမျှားကျေးရွာ မြောက်ဖုန်းတဲတိုက်တွင် နွေရာသီသောက်သုံးရေအဆင်ပြေစေရေးအတွက် အီတလီနိုင်ငံမှ ENI ဖောင်ဒေးရှင်းက အနက်ပေ ၆၃၀၊ အကျယ် ခြောက်လက်မရှိ စက်ရေတွင်း တစ်တွင်း တူးဖော်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၄ ရက်အထိ ၈၀ ရာခိုင်နှုန်း တူးဖော်ပြီးစီးနေပြီ ဖြစ်သည်။

စက်ရေတွင်းတူးဖော်ပြီးစီးပါက သန့်ရှင်းသော သောက်သုံးရေများ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ENI ဖောင်ဒေးရှင်းအဖွဲ့မှ စက်ရေတွင်းနှင့်အတူ ရေဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်အဆောက်အအုံတို့အား ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**



Shwe La Min Hospital



ရွှေလမင်းဆေးရုံများတွင် သီတင်းကျွတ်/တန်ဆောင်တိုင် အထူးအစီအစဉ်
(၇.၁၀.၂၀၁၉ မှ ၂၂.၁၁.၂၀၁၉) ရက်နေ့အတွင်းအခန်းခများကို 10% Discount
ပေးမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ(မြောက်ဥက္ကလာပမြို့နယ်)၊ အမှတ်(၁၂၅၄)၊ သုဝဏ္ဏလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(လမ်းမတော်မြို့နယ်) ၊ အမှတ်(၁၅/၁၉)၊ ဖော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(ဟင်္သာတမြို့) ၊ အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။ Ph:044-2021375,2022799,2022800,2022801,2022802

ရွှေလမင်းဆေးရုံ(မော်လမြိုင်မြို့) ၊ အမှတ်(၁)၊ မြို့ရှောင်လမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855,2026387,2026709

Since 1947
shumawa
ပင်မဆိုင် မန္တလေးမြို့၏ နာမည်ကြီးအမှတ်တံဆိပ်
ရှုမဝ ပန်းသီးဖိနပ်
သီတင်းကျွတ် အထူး
၁၉၄၄ ခုနှစ် စတင်တည်ထောင်ပြီး ၁၉၄၇ ခုနှစ်မှာ (1947N, 68) ဖြင့် မြန်မာတပြည်လုံး မှတ်ပုံတင်ပြီး
(၇၅)နှစ်ပြည့် အထူးချုပ်ဖိနပ်
ဦးထွန်းလင်း (MDYNE-006117)+ဒေါ်ချိုချိုဝင်း (MDYSE-005706)
ရှုမဝပန်းသီးတိုက် - ၂၆-လမ်း၊ ၆၆-လမ်းဒေါင့်၊ မန္တလေးမြို့။ ၀၂-၂၀၂၃၃၄၆၃၊ ၀၉-၇၇၂၀၀၂၅၂၇
ရှုမဝပန်းသီးဖိနပ်ဆိုင် - အမှတ်(၄၇)၊ မြောက်ဘက်တိုက်တန်းကြီး၊ မြေညီထပ်ဈေးချို၊ မန္တလေးမြို့။
၀၂-၄၀၂၁၄၅၆၊ ၀၂-၄၀၇၁၂၆၁၊ ၀၉-၂၀၀၂၅၂၇၊ ၀၉-၉၁၀၅၅၂၇၅



အခမဲ့တောက်အပြီး တစ်ခုလုံး (သို့) တစ်လွှာချင်း ငှားမည်
New World Office Page
09 515 7160, 09 96 515 7160, 09 76 515 7160

မြင့်စေတနာဆေးတိုက်
ရေသင်း (သမင်ဖြူ) LEUCODERMA
ရေသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

သမားအို လေးပက်နာဆေး
ဂေါက်နာ၊ဒူးနာ၊ဒူးရောင်၊ အဆစ်အမြစ်ရောင်
ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေပါသည်။
၁၁၊ ၂၀၁၇၊ တဆထလ/တိုး (၀၁၂၁)


## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေစံပယ်ရိပ်မွန်၊ ရွှေငုဝါလမ်း၊ တိုက်အမှတ်(D)၊ အခန်း(၂)၊ မြေညီထပ်၊ ဧရိယာ(၁၁၅၀)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်နန်းမြတ်ဝတ်ရည်[၁၃/တကန(နိုင်)၁၉၉၆၂၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလင်းထွဋ်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၇၉၃၂/၃၁-၈-၂၀၁၆)
အမှတ်(၁၀၅)၊ (၉)လမ်း၊ သဘောကျောင်းရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-254832846

ဦးဝင်းသန်းစိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၀၈၁၀/၂၆-၃-၁၉)
အမှတ်(၆၀၄/ခ)၊ (၄၇)ရပ်ကွက်၊ စံပယ်လမ်း၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၂၀၅၀၉၄

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

ကြော်ငြာ

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည့်
HotLine : 01-200952
သာကီနွယ် အထူးအဆင့်မြင့်ဗုဒ္ဓဂယာနှင့် သိဒ္ဓိရဟန္တာဘုရားဖူးအဖွဲ့
Oct - 26,27 , Nov- 2 ထွက်မည့်ကာတိန်ပွဲ အထူး Promotion
(၆၀၀၀၀)ကျပ် ထပ်မံလျှော့ထားနှုန်း
(၇)ညအိပ်(၈)ရက် - ၁၀၅ သိန်း ✗ ၉.၉ သိန်း
(၁၁)ညအိပ်(၁၂)ရက် - ၁၁၅ သိန်း ✗ ၁၀.၉ သိန်း
(၁၄)ညအိပ်(၁၅)ရက် - ၁၂၅ သိန်း ✗ ၁၁.၉ သိန်း
ထွက်ခွါမည့်ရက်များ
Nov - 7,15,21,23,28
Dec - 7,14,23,28
ရုံးချုပ် - အခန်းနံပါတ်(3Z) ၃လွှာ၊ ၁၂၃လမ်းအပေါ်ထပ်၊ Shine Condo၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများမှ ၎င်းတို့မိသားစုများထံ လွှဲပို့လျက်ရှိသည့် မိသားစု လွှဲပို့ငွေအခြေအနေ

၁။ ပြည်ပနိုင်ငံများသို့ ၁၉၉၀ခုနှစ်မှစ၍ မြန်မာအလုပ်သမားများ စတင်သွားရောက်ခဲ့၍ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရန် ၁၉၉၉ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၌ တရားဝင်မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၂၉၈ ခုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်လျက်ရှိပြီး ၁၉၉၀ ခုနှစ်မှ၂၀၁၉ခုနှစ်၊ ဇွန်လထိ အလုပ်သမားဦးရေ ၁.၀၆ သန်းခန့်ကို တရားဝင်စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့ပြင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံရှိ အထောက်အထားမဲ့ အလုပ်သမားများအား အထောက်အထား ပြုလုပ်ပေးခဲ့ပြီး နိုင်ငံလူဦးရေ၏ ၁၀% ခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်စာရင်းအရ ၂၀၁၄ခုနှစ်မှ ၂၀၁၉ခုနှစ်၊ ဇွန်လထိ မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများနှင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများမှ မြန်မာနိုင်ငံရှိ ၎င်းတို့မိသားစုများထံသို့ ပြန်လည်လွှဲပို့လျက်ရှိသည့် လွှဲပို့ငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်-

| ခုနှစ် | လွှဲပို့သည့်ဦးရေ | လွှဲပို့ငွေအမေရိကန်ဒေါ်လာ (သန်းပေါင်း) |
|---|---|---|
| ၂၀၁၄ | ၁၃၇,၉၅၉ | ၁၀၁.၇၉၃ |
| ၂၀၁၅ | ၃၄၀,၉၈၆ | ၂၇၀.၂၉၃ |
| ၂၀၁၆ | ၅၀၁,၉၀၁ | ၄၆၁.၁၈၅ |
| ၂၀၁၇ | ၆၄၇,၇၄၃ | ၆၃၂.၁၄၄ |
| ၂၀၁၈ | ၉၁၀,၇၀၅ | ၉၀၉.၈၁၄ |
| ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လထိ | ၅၅၆,၁၄၈ | ၅၂၆.၆၈၅ |

၄။ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ အပါအဝင် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် မိမိတို့၏ဝင်ငွေများကို မိသားစုထံလွှဲပို့ရာတွင် သက်ဆိုင်ရာနိုင်ငံရှိ ဘဏ်များမှတစ်ဆင့် တရားဝင်လမ်းကြောင်းမှ လွှဲပို့ခြင်းဖြင့် လုံခြုံစိတ်ချစွာ လွှဲပို့နိုင်သကဲ့သို့ နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)ကို အထောက်အကူ ပြုနိုင်မည်ဖြစ်သဖြင့် တရားဝင်လမ်းကြောင်းမှ ငွေလွှဲပို့ခြင်းအား အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

"ကန့်ကွက်နိုင်ပါသည်"

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မီမီဝင်း (LL.B)
ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B,D.B.L,D.M.L)
ဒေါ်မိုမိုဇော် (LL.B,D.B.L,D.M.L,D.I.L)
ဒေါ်ထင်တနည်နေဝင်း (LL.B,D.I.L)
096 - 09799991090, 09799991092, 09799991095
Email : rabbitfamilyrealestate@gmail.com
Website : www.rabbitfamily.com

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ရှေးက မင်းကောင်းမင်းမြတ်တို့၏ မိမိတိုင်းပြည်ကို
လွတ်လပ်ရေးရအောင်၊ ဇေရာဇ်နိုင်ငံဖြစ်အောင်၊
ကုသိုလ်တရား တိုးပွားအောင်၊ အေးချမ်းသာယာ တည်ငြိမ်အောင်၊
ဖွံ့ဖြိုးတိုးတက်အောင်၊
ဆန့်ကျင်ဘက် အန္တရာယ်အပေါင်းမှ လွတ်မြောက်အောင်
ကြိုးစားအားထုတ်၍ အုပ်ချုပ်ခဲ့ကြပုံများကို ဖော်ကျူးထားသော
ဟိတေသီနေလ အရှင်နိုင်ပုလာ၏
မင်းကောင်းမင်းဆက် ရာပုံတော်
ဖြန့်ချိရေး - ထွက်ပြီ။ တန်ဖိုး - ၁၅၀၀၀ိ
(၁) ပါရမီစာပေ - ၀၁-၂၅၃၂၄၆၊ ၀၉-၇၃၀ ၁၆၂၉၂၊ ၀၉-၂၆၂၂၆၄ ၇၀၈
၂၉-လမ်း(အထက်) ပန်းဘဲတန်း နှင့် ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်။
(၂) ယင်းတော် မင်းကျောင်း၊ ပျော်ဘွယ်မြို့နယ် - ၀၉-၇၉၉ ၈၉၇ ၄၄၂

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့ ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမအကြိမ် တင်ဒါခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်လမ်းဦးစီးဌာနများတွင် ဆောင်ရွက်ရန် လိုအပ်သော လမ်း/တံတားလုပ်ငန်းများအတွက်(ပစ္စည်း)တင်ဒါ ပထမအကြိမ် ခေါ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက် - ၉-၁၀-၂၀၁၉ ရက်မှ ၄-၁၁-၂၀၁၉ ရက်ထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့။

(ဂ) တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ထပ်မံကြေညာပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မော်လမြိုင်ခရိုင်-၀၅၇-၂၄၇၅၉**
**သထုံခရိုင်-၀၅၇-၄၀၀၄၆**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့ ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမအကြိမ် တင်ဒါခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်လမ်းဦးစီးဌာနများတွင် ဆောင်ရွက်ရန်လိုအပ်သော လမ်း/တံတားလုပ်ငန်းများအတွက်(လုပ်ငန်း) တင်ဒါ ပထမအကြိမ်ခေါ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက် - ၉-၁၀-၂၀၁၉ ရက်မှ ၄-၁၁-၂၀၁၉ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့။

(ဂ) တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ထပ်မံကြေညာပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မော်လမြိုင်ခရိုင်-၀၅၇-၂၄၇၅၉**
**သထုံခရိုင်-၀၅၇-၄၀၀၄၆**

ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၈)၊ အင်းယားမြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဥယျာဉ်လမ်း။
Ph: 09-5425251, 09-73225484

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးအုန်းချို (ခ) ဦးချိုကြီး (လှည်းကူးမြို့)

**အသက် (၉၃) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မုဆိုးညောင်ပင်ကျေးရွာနေ (ဦးဖိုးထူး-ဒေါ်စောတင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့နေ (ဦးအောင်စိန်-ဒေါ်မြခင်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဈ/၁၇၇၊ မြို့မဗဟိုလမ်း၊ ဈေးကြီးရပ်ကွက်နေ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဒေါ်ရီရီချိုဦး၊ ဦးမောင်မောင်လွင်၊ ဦးသိန်းဦး(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)-ဒေါ်မာမာစန်း(အင်ဂျင်နီယာမှူး၊ ရွာမ ဓာတ်အားပေးစက်ရုံ)၊ (မစန်းစန်းမြင့်)၊ ညောင်လေးပင်မြို့နေ ဦးစိုးရီ-ဒေါ်သီသီခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးအုန်းချိုသည် ၅-၁၀-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် လှည်းကူးမြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲခြင်း

## ဦးညဏ်ရည်

**အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေး(ငြိမ်း)**

**အသက်(၈၈)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံအာမခံအသင်းဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦး၏ဖခင် ဦးညဏ်ရည်သည် ၄-၁၀-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအာမခံအသင်း**

**Myanmar Insurance Association**

**အထူးကျေးဇူးတင်ရှိခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စိန်

**အသက်(၈၆)နှစ်**

မြောက်ဥက္ကလာ

၂-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပြီး ၄-၁၀-၂၀၁၉ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကိုမောင်မောင်နှင့် ညီအစ်ကိုများ (သားရေလုပ်ငန်း) နှင့် စိန်မိသားစု (သားရေလုပ်ငန်း)တို့၏မိခင်ကြီး ဒေါ်စိန်၏ဈာပနတွင် လိုက်ပါပို့ဆောင်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အားပေးနှစ်သိမ့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

### မမွန်မွန်စိုး

**ကွန်ပျူတာဌာန၊ ကြေးမုံသတင်းစာတိုက်**

**အသက်(၃၀)**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းအိမ်ရာ၊ တိုက်(၂၀၄)၊ အခန်း(၃)နေ မမီမီစိုး၊ ကိုသက်ထွေး-မမာမာစိုး (ကြေးမုံသတင်းစာတိုက်)၊ ကိုစိုးလင်းမောင်တို့၏ညီမ၊ ဒေါ်ကြိုင်ကြိုင်၏သမီးထွေးသည် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆:၄၅ နာရီတွင် နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံ ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျေ့ကြီးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်း တို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြန်မာ့ရုပ်မြင်သံကြား

**၇- ၁၀-၂၀၁၉ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၈:၃၅ ''သွေးချင်းတို့ရဲ့ခေါင်လန်ဖူး''

၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ ''အိမ်ကြီးရှင်သခင်မ'' (အပိုင်း-၁၉)

၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ''ရောင်စဉ်ဖြာသောအချစ်'' (အပိုင်း-၂၀)

**ညပိုင်း**

၁၆:၃၀ အဝေးသင် တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)

၁၇:၁၅ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်''သွေးတိုးရောဂါအား တိုင်းရင်းဆေးဖြင့် ကုသခြင်း''

၁၈:၃၀ ဥပဒေရေးရာအဖြာဖြာ ''နှလုံးသားသက်သေ'' (ဇာတ်သိမ်းပိုင်း) (မောင်စာဂ၊ ဦးဇော်မင်းထွန်း၊ မဝင်းသော်သော်လှိုင်၊ မခိုင်သန္တာမျိုး) (ဒါရိုက်တာ ဝေဠု(ဝသန်))

၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ ''ခန်းဆောင်နီအိပ်မက်'' (အပိုင်း-၈)(နန်းမတော် မိဖုရားမီးထွန်းပွဲတော်တွင်ယွန်းစံအိမ်တော်သို့ အလည်ကြွတော်မူခြင်း)(၁)

၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

**အနိစ္စ**

ဒေးဒရဲမြို့နယ်အသင်း
သက်ကြီးကန်တော့ခံ
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်လှ (၉၅)နှစ်

**ဒေးဒရဲအသင်းဝင် (၁၃၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၈)၊ ကမ္ဘောဇရိပ်သာ၊ ရွှေတောင်ကြား (၁)နေ (ဦးမောင်ကြီး-ဒေါ်မိ)တို့၏ သမီးထွေး၊ (ဗိုလ်မှူးကြီးလှဟန်)၏ ချစ်လှစွာသောဇနီး၊ Dr.ဦးဦးဟန်-ဒေါ်ခင်မြဝေ၊ Dr.အောင်မျိုးဟန်-Dr.ဒေါ်ခင်အိဟန် (ခေတ္တ-ကနေဒါ)၊ Dr.ဦးထူးဟန်-Dr.ဒေါ်ခင်စုကြည်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၃-၁၀-၂၀၁၉ ရက်တွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၉ (စနေနေ့) တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေအပေါင်းများနှင့် အသင်းဝင်မိသားစုများအား အသိပေးအပ်ပါသည်။ ဒေးဒရဲအသင်း(ရန်ကုန်)

အမှုဆောင်အဖွဲ့

---

### ဒေါ်သန်းသန်းငွေ

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်း (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၂)လမ်း၊ အမှတ်(၃၅)နေ (ဦးထွန်းကြင်-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ဦးတင်သိန်း-ဒေါ်ခင်မာကြည်၊ (ဦးသန်းဝင်း)-ဒေါ်သန်းသန်းဝင်း၊ (ဦးဝေဇင်-ဒေါ်နုနုရီ)တို့၏ ညီမ၊ ဦးခင်မောင်ဆွေ [လ/ထ ညွှန်ကြားရေးမှူး၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန]၊ (ဦးခင်မောင်ဝေ)-ဒေါ်ခင်ဆွေ၊ ဦးအောင်မင်းတို့၏ အစ်မ၊ တူခုနစ်ယောက်၊ တူမခြောက်ယောက်တို့၏ အဒေါ် ဒေါ်သန်းသန်းငွေသည် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဟဟ်္ဘာတအသင်း

### ဒေါ်သက်ထား(ခ)ဒေါ်ထားထား (စစ်တွေ/ဟဟ်္ဘာတ)

**အသက်(၉၇)နှစ်**

**(အသင်း၏ ကန်တော့ခံပုဂ္ဂိုလ်)**

ရန်ကုန်မြို့၊ အမှတ် (၁၀)၊ ငါးလွှာ၊ (၁၃၂)လမ်းနေ [ဗိုလ်ထွန်းလင်း (လွှတ်လပ်ရေးမော်ကွန်းဝင်)]၏ဇနီး ဒေါ်သက်ထား(ခ)ဒေါ်ထားထားသည် ၃၀-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၉ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/သားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့(ဟဟ်္ဘာတအသင်း)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ကြွေ (အငြိမ်းစားကျောင်းဆရာမကြီး)

**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မဟာသုခရွှေကုန်းရပ်ကွက်၊ မင်းလမ်း၊ အမှတ် (၁၂၇၂)နေ (ဦးကျော်ညွှန့်-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးဘိုးဝ-ဒေါ်လှရွှေ)တို့၏ သမီးချွေးမ၊ (ဦးကျော်မြင့်-အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊ သီလဝါ)၏ ဇနီး၊ (ဒေါ်စန်းစန်းတင့်)၊ ဦးခင်လတ်(နေလမိတ္တူ)၊ ဒေါ်ယဉ်ယဉ်မြင့် (ကျောက်တန်းမြို့နယ်တရားရုံး)၊ ဦးဇော်ဇော်မြင့်(မ/ဥ-လျှပ်စစ်)-ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ချိုချိုမြင့် (ထွေ/အုပ်-ငြိမ်း) (ပါဒကြီးနေလမိတ္တူ)၊ ဦးညီညီလင်း (A.W.P.T)-ဒေါ်ခင်သီတာမိုးတို့၏မိခင်၊ မြေးနှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၆-၁၀-၂၀၁၉ ရက် နံနက် ၈:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းမြို့ အနောက်ပိုင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၉ ရက်တွင် (ဦးကျော်မြင့်-ဒေါ်ခင်ကြွေ)တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်သောင်းဟန်

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၇၉၃)၊ သုံးလွှာနေ (ဦးဟန်ကြည်)၏ဇနီး၊ မဆွေဆွေမြင့်၊ မဥမ္မာဆွေ၊ မသက်သက်ဆွေ၊ ကိုဇော်မင်းဦး-မဆွေဆွေဝင်း၊ မနီလာထွေးတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်သောင်းဟန်သည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတင်ဝင်း (၆၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ တိုက်(၂၄)ငါးလွှာနေ (ဦးလှအောင်-ဒေါ်ရွှေတင်)၊ (ဦးမြင့်ဆွေ-ဒေါ်တင်မြ)တို့၏ သား၊ မြောင်မြို့နေ (ဦးနီ)-ဒေါ်သန်းညွှန့်တို့၏ သားသမက်၊ ဒေါ်လှစိန်(ခ)ဒေါ်တူး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမင်းသိန်း၊ ဒေါက်တာဇာနည်ဖြိုးဝေ-မမီမီကော၊ ကိုသက်အောင်ဖြိုး၊ ကိုကောင်းထက်အောင်-မခင်ရတနာကျော်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်ကျင်နွဲ့၊ ဒေါ်သန်းသန်းအေး၊ ဦးတင်ထွန်း၊ ဦးကျော်ဆွေ၊ ဦးမြင့်အောင်၊ ဒေါ်သန်းသန်းမော်တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဦးတင်ဝင်းသည် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းအေး(မထွား)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ (၂၅)သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ [ဦးအေးမောင် (စာပေဗိမာန်)-ဒေါ်သန်းရင်]တို့၏ သမီး၊ ဒေါ်သိန်းသိန်းအေး၊ ဦးလှမိုး-ဒေါ်သန်းသန်းငွေ (လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)၊ ဦးလှတိုး-ဒေါ် ချယ်ရီအောင် (ရန်အောင်စာပေ)တို့၏ ညီမ၊ ဦးသစ်လွင်-ဒေါ်ငွေငွေအေးတို့၏အစ်မ ဒေါ်သန်းသန်းအေးသည် ၃-၁၀-၂၀၁၉ (ကြာသပတေး နေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၉ (သောကြာနေ့)တွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ (၆၄၆)နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးကျော်လွင်ထွန်း (ခ)ကျော်ကျော် (ရွှေပန်းထိမ်)

**မုဒုံ/ ရေး/ မှော်ဘီ**

**အသက် (၄၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ (၃) ရပ်ကွက်၊ ကုန်းမြင့်သာယာလမ်း၊ အမှတ်(၄၉၉)နေ (ရွှေပန်းထိမ်ဆရာကြီးဦးထွန်းလွင်-ဒေါ်တင်ရွှေ)တို့၏သားထွေးသည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၄:၁၅ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မှော်ဘီမြို့မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

### ဒေါ်အုန်းမြင့်

**အသက်(၈၁)နှစ်**

**အလယ်တန်းပြဆရာမ(ငြိမ်း)**

**အထက(၁)မင်္ဂလာတောင်ညွှန့်**

ရန်ကုန်မြို့၊ အမှတ်(၁၉၈၊ ၂၀၀)၊ အခန်းအမှတ်(ဘီ/၆)၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်နေ ဦးလှဝင်း (အမှုဆောင် အင်ဂျင်နီယာ-ငြိမ်း၊ MEPE)၏ ချစ်လှစွာသောဇနီး၊ ဦးမြတ်လွင်-ဒေါ်ဝေဝေလွင် (Virtue International Company Limited, New Memory Travels & Tours)၊ ဒေါ်ညွှန့်ညွှန့်ဝင်း (Rosewood Yangon)၊ Dr.ဇာလီကျော်-Dr.မာမာသီ (Australia)တို့၏ မိခင်၊ (မောင်အောင်အောင်)၊ မလွင်စံပယ်ဖူး၊ မဝင့်ချယ်ရီလွင်၊ မောင်အာကာမိုးမြင့်ကျော်တို့၏ အဘွားသည် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄:၁၅ နာရီတွင် Ar Yu International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးအေးမြင့်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၂၈၉)၊ လေးလွှာနေ (ဦးသိန်းဖေ-ဒေါ်အုန်းကြည်)တို့၏ သားကြီး၊ ဒေါ်ခင်သန်း၊ ဦးခင်မောင်ဝင်း-ဒေါ်လှလှသန်းတို့၏ အစ်ကို၊ ဒေါ်သန်းသန်း၏ ခင်ပွန်း၊ ဦးလှအေး-ဒေါ်ဥမ္မာမြင့်၊ ဦးနိုင်လင်း(J.S.M Co., Ltd)- ဒေါ်ကေခိုင်မြင့်၊ ကိုတင်အောင်ကျော် (J.S.M Co.,Ltd)၊ ကိုအောင်မျိုးကျော်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၆-၁၀-၂၀၁၉(တနင်္ဂနွေနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၉(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက် ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

### ဒေါ်မာလာသန်း

**အသက် (၅၀)**

**စမ်းချောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ ဦးအောင်ဇေယျ (၈)လမ်း၊ အမှတ် (၉၇၀/က)နေ (ဦးတင်ညွှန့်-ဒေါ်လှကြည်)တို့၏ သမီး၊ (ဦးစံငြိမ်း-ဒေါ်ငွေကြည်)တို့၏သမီးချွေးမ၊ ဦးသိန်းဇော်၊ ဦးတင့်ဝေ-ဒေါ်ခင်သွဲ့ဖြူ၊ ဦးအေးနောင်-ဒေါ်စိုးစိုးဝင်း၊ ဦးကျော်ကျော်-ဒေါ်အေးအေးမာ၊ ဦးတင့်လွင်-ဒေါ်ခင်ငွေဦး၊ (ဦးမြင့် သောင်း)၊ ဦးလှအောင်-ဒေါ်သီတာမြင့်၊ ဦးကျော်ကျော်လေး-ဒေါ်ယုယုဝေ၊ ဒေါ်နီလာမြင့်တို့၏ ညီမ၊ ဦးရန်နိုင်ကျော်-ဒေါ်ခင်ငွေယဉ်တို့၏အစ်မ၊ (ဦးဝင်းအောင်)၏ ဇနီး၊ ကိုကျော်ညီညွှန့်(ခ)နောင်နောင်-မဖြိုးမမပိုင်တို့၏ ကျေးဇူးရှင်မိခင်၊ မထက်ပြည့်မှူးလျှံ၏အဘွား၊ တူ/တူမ ၁၁ ယောက်တို့၏ အဒေါ်သည် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၈-၁၀-၂၀၁၉( အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်မြစန္ဒာ

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ လော်ကားလမ်း၊ အမှတ်(၂၀)၊ ပထမထပ်(ယာ)နေ ဦးမြမောင်-(Dr.ဒေါ်ခင်ခင်ထွေး)တို့၏ သမီးလတ်၊ ဒေါ်ရင်မေ၏တူမ၊ ဒေါ်သီတာဝင်း(ခ)ဒေါ်တိုးတိုး၏ ညီမ၊ ဦးနိုင်နိုင်ဦး-Dr.မြဥမ္မာတို့၏ အစ်မ၊ မအိမ့်မျက်သွယ်၏ အဒေါ်၊ ဦးခင်ဇော်၏ ချစ်လှစွာသောဇနီး ဒေါ်မြစန္ဒာ သည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၂:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မစိုးဝင့်သူ (၄၂)နှစ်

**B.Sc (Maths), Dip in Global English**

ရန်ကုန်မြို့နေ (ဦးစိုးညွှန့်-ဒေါ်သန်းကြည်)တို့၏ မြေး၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ်(၂၀၂)၊ အခန်းအမှတ်(၁၁)နေ (ဦးမြတ်စိုး)-ဒေါ်ချိုချိုခင်တို့၏ တစ်ဦးတည်းသောချစ်လှစွာသောသမီး၊ ဒေါ်မြင့်မြင့်စိုး-(ဦးရင်ကြည်ညွှန့်)၊ ဦးဂျင်မီစိုး-ဒေါက်တာဒေါ်ခင်သန်းမြင့်၊ (ဦးဖယ်ရီစိုး)-ဒေါ်သူဇာခင်၊ ဦးဒစ်ကီစိုး-ဒေါ်ရီရီဝင်း၊ ဒေါ်နီလာစိုး-ဦးကျော်မင်းတို့၏ ချစ်လှစွာသောတူမ၊ ညီအစ်ကို/ညီအစ်မ ၁၀ ယောက်တို့၏ ညီမ/အစ်မသည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်ဆင့်

**အသက်(၆၅)နှစ်**

**အနုပညာဦးစီးဌာန(ငြိမ်း)**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲ၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးကျော်ဆွေ(ကျွမ်းကျင်သူ)၏ ဇနီးဖြစ်သူ ဒေါ်ဆင့်ဆင့်သည် ၅-၁၀-၂၀၁၉ ရက် နံနက် ၅:၄၀ နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

**အနုပညာဦးစီးဌာန**

# ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့် ထောက်ခံချက်ထုတ်ယူရန် YRTA သို့ လာရောက်တင်ပြထားသည့် ယာဉ်စီးရေ ၈၀ ခန့်ရှိ

**ရန်ကုန် အောက်တိုဘာ ၆**

၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့် ထောက်ခံချက်ထုတ်ယူရန် YRTA သို့ လာရောက်တင်ပြထားသည့် အစီးရေ ၈၀ ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"လောလောဆယ် ကျွန်တော်တို့ဆီကို စီးတီးဘတ်စ် ၇၅ စီးနဲ့ မီနီဘတ်စ် တစ်စီးကတော့ အပ်ခွင့်အတွက် တင်ထားပြီး ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ စိစစ်ပြီးရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်ဖြင့် အထူးကိစ္စရပ်အနေနဲ့ အပ်နှံခွင့်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့်မလို့ ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီးတော့ အပ်နှံခွင့်ရရှိရေးကို ဆက်လက်ဆောင်ရွက်ပေးသွားပါမယ်"ဟု ဦးလှအောင်က ပြောသည်။

**ခွင့်ပြုပေးခဲ့**

လက်ရှိ YBS ယာဉ်များအတွင်းတွင် မြို့တော်အင်္ဂါရပ်နှင့် မညီသော စက်စွမ်းအားကျဆင်းပြီး ကြံ့ခိုင်မှုမရှိသည့် ယာဉ်များနှင့် လုပ်ငန်းမလည်ပတ်နိုင်သော ယာဉ်များဖြစ်သည့် ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများကို အပ်နှံပါက လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက်ရရှိရေး အထူးကိစ္စရပ်တစ်ခုအနေဖြင့် **စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ○**

## ကြေးမုံ ယနေ့ ဖတ်စရာ


**အမေရိကန်သမ္မတရွေးကောက်ပွဲအား အီရန်ဟက်ကာများ ပစ်မှတ်ထားဟုဆို**

စာမျက်နှာ » ၁၂

**အမေရိကန်နှင့် မြောက်ကိုရီးယား အလုပ်သဘောဆွေးနွေးပွဲ ရုတ်တရက်ရပ်ဆိုင်း**

စာမျက်နှာ » ၁၃

**ကောင်းဖို့ရွယ်သော ခေတ်ကို**

ဆောင်းပါး၊ စာမျက်နှာ » ၁၅

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း ပြည်တွင်းလုပ်သား ၁၈၀၀၀၀ ကျော် အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့**

စာမျက်နှာ » ၁၇

**သီတင်းကျွတ်ပွဲတော်ကာလတွင် ကူးတို့ရေယာဉ်များ ပုံမှန်ပြေးဆွဲမည်**



စာမျက်နှာ » ၁၈


## ကာဂျစ္စတန်နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူရွေးချယ်



မြန်မာ့လက်ရွေးစင်အသင်း ခြေစစ်ပွဲမတိုင်မီ လေ့ကျင့်ပြင်ဆင်နေစဉ်။

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၃) အဖြစ် ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲယှဉ်ပြိုင်ကစားရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

**လေ့ကျင့်ပြင်ဆင်**

မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူစာရင်းတွင် နာမည်ကြီးကစားသမားများဖြစ်သည့် ကျော်ကိုကို၊ မောင်မောင်လွင်နှင့် ဟိန်းသီဟဇော်တို့ ဒဏ်ရာပြဿနာကြောင့် ချန်လှပ်ခံခဲ့ရပြီး စက်တင်ဘာလက ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲမှ ကစားသမားအများစု ပြန်လည်ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၂၅ ရက်မှစ၍ ပဏာမကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး အပြီးသတ်ရွေးချယ်ရာတွင် ဒဏ်ရာရနေသည့် ကစားသမားများအပြင် ဆန်းဆက်နိုင်(ဂိုး)၊ ဝင်းမိုးကျော်နှင့် ငြိမ်းချမ်းအောင်တို့ ချန်လှပ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယားတို့နှင့် တစ်အုပ်စုတည်း **စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✻**

## တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဒိုင်းဆု မကွေးတိုင်းဒေသကြီးအသင်း ဆွတ်ခူးရရှိ



**နေပြည်တော် အောက်တိုဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားလက်ရှံ့ရုံ၌ ကျင်းပသည်။

**ယှဉ်ပြိုင်ကစား**

ယနေ့ပြိုင်ပွဲများအဖြစ် အမျိုးသမီး(၇၁)ကီလိုတန်း၊ အမျိုးသမီး(၈၇)ကီလိုတန်း၊ အမျိုးသမီး(+၈၇) ကီလိုတန်းနှင့် အမျိုးသား(၁၀၂)ကီလိုတန်း၊ အမျိုးသား(+၁၀၉) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီးဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား(၈၉) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ရဲရင့်နိုင်(မကွေး)၊ ဒုတိယ နိုင်ရွှေထက်(ရောဂတီ)၊ တတိယ ခိုင်မျိုးဦး(စစ်ကိုင်း)၊ အမျိုးသား(၉၆)ကီလိုတန်းပြိုင်ပွဲတွင် ပထမ အောင်သော်ဇင်(ရန်ကုန်)၊ ဒုတိယ အောင်ကျော်သက်(ရောဂတီ)၊ တတိယ ရဲပြည့်စိုး (နေပြည်တော်)၊ အမျိုးသမီး(၇၁)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ခိုင်သဇင်သင်း(ရန်ကုန်)၊ ဒုတိယ ဇင်မာအေး(မကွေး)၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❂**